# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၄၉ ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
## (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့အစည်းအဝေးကို မွန်းလွဲ ၁၃း၁၀ နာရီအချိန်၌စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၃ း ၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၉ ရက်မြောက်နေ့ အစီအစဉ်စတင် ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၄.၉၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၁-၁၁-၂၀၁၁ ရက်နေ့ကျင်းပတဲ့ ၄၉ ကြိမ် မြောက် ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးနေ့မှာ ယခင်ရက်များကခွင့်ပန်ကြားထားသောသူ ၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦး၊ စုစုပေါင်းခွင့်ပန်ကြားသူ ၂၀ ဦးဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ် ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၁၁ ဦးအနက်မှာတော့ ၎င်းတို့ကိုယ်စားတင်ပြအပ်ပါတယ်-

(၁) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်းဟာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ကျန်းမာရေး မကောင်းပါသဖြင့် နိုဝင်ဘာလ ၂၁ ရက်ယနေ့တစ်ရက်အား ခွင့်အဖြစ်လည်းကောင်း၊

(၂) ဆီဆိုင်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးဝင်းကိုဟာ လူမှုရေးနဲ့ဘာသာရေးကိစ္စများ ဆောင်ရွက်ရန်ရှိသည့်အတွက် ယနေ့နိုဝင်ဘာလ ၂၁ ရက်အား ခွင့်တစ်ရက်အဖြစ် လည်းကောင်း၊

(၃) ဖာဆောင်းမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းတင်ဟာ ကျန်းမာရေး မကောင်းပါသဖြင့် နိုဝင်ဘာလ ၂၁ ရက်ယနေ့တစ်ရက်အား ခွင့်အဖြစ်လည်းကောင်း၊

(၄) ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ဟာ ကိုယ်ရေးကိုယ်တာကိစ္စများဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၂၁ ရက်ယနေ့တစ် ရက်အား ခွင့်အဖြစ်လည်းကောင်း၊

(၅) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးအေးနိုင်ဟာ နေမကောင်းပါသဖြင့် ယနေ့နိုဝင်ဘာလ ၂၁ ရက်အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၆) မင်းလှမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးဟာ ကျန်းမာရေး မကောင်းပါသဖြင့် ယနေ့တစ်ရက်အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၇) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်ဟာ ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့ နိုဝင်ဘာလ ၂၁ ရက်အား ခွင့်တစ်ရက်အဖြစ်လည်းကောင်း၊

(၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်ဟာ ပြည်ပခရီးစဉ်တာဝန်အရ ခရီးထွက်ခွာ နေပါသဖြင့် နိုဝင်ဘာလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိအား တာဝန်ခွင့် ၅ ရက် အဖြစ်လည်းကောင်း၊

(၉) ဟုမ္မလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟာ မိသားစုကိစ္စများ ဆောင်ရွက်ရန်ရှိသည့်အတွက် နိုဝင်ဘာလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိခွင့် ၅ ရက် အဖြစ်လည်းကောင်း၊

(၁၀) ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မင်းဟာ အစ်မ ဖြစ်သူသေဆုံးသွားပါသဖြင့် နာရေးကိစ္စဆောင်ရွက်ရမည် ဖြစ်ပါသောကြောင့် နိုဝင်ဘာလ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ ခွင့် ၄ ရက်အဖြစ်လည်းကောင်း၊

(၁၁) မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဒွေးသည် ဇနီးဖြစ်သူ၏ ကျန်းမာရေးမကောင်းပါသဖြင့် ဆေးကုသရန်အတွက် ၂၁ ရက်မှ ၂၅ ရက်နေ့အထိခွင့် ၅ ရက်အဖြစ်လည်းကောင်း တိုင်ကြားထားပါတယ်။

သို့ပါ၍ ကျွန်တော်စုပေါင်းတင်ပြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၁ ဦး၏ ခွင့်တောင်းခံမှုအား ခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အသံဘက်ဆိုင်ရာနဲ့ ဆက်သွယ်ရေးဆိုင်ရာတာဝန်ရှိသူများ ပြီးခဲ့တဲ့နောက်ဆုံးရက်ကရော ဒီနေ့ရော ဦးမောင်ဦးတင်ပြတဲ့နေရာမှာ ဒီလွှတ်တော်ဥက္ကဋ္ဌရဲ့ညာဘက် Screen မှာပေါ်နေတာက မှားပြီးပေါ်နေပါတယ်။ ဒါကြောင့်မို့လို့ ပြန်ပြီးတော့စိစစ်နိုင်အောင် ဦးမောင်ဦး မိုက်တောင်းကြည့်ပါ။ ဘယ်ဘက်ခြမ်းကိုရောက်နေတယ်။ အမှတ်စဉ် ၃၆ ကိုရောက်နေတယ်။ ရှိရမှာက ညာဘက်ခြမ်းဖြစ်ရမယ်။ ဒါကြောင့်မို့လို့ တာဝန်ရှိတဲ့လူတွေစိစစ်ပြီးတော့ ပြင်ဆင်ပေးပါ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော “လယ်ယာမြေဥပဒေကြမ်း ”ကို လက်ခံရရှိကြောင်းလွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ၂၀-၉-၂၀၁၁ ရက်နေ့ကဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားတဲ့ လယ်ယာမြေဥပဒေကြမ်းကို ၁၆-၁၁-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ်ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့အကြောင်းကြားစာကိုလက်မှတ်ရေးထိုးပြီး ၂၂-၁၁-၂၀၁၁

ရက် (အင်္ဂါနေ့) ၁၅း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၉-၂၀၁၁ ရက်စွဲပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁၊ ၄၀/၂၀၁၁ တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရက ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ရက်စွဲဖြင့်ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုခွင့်အမိန့်ကြော်ငြာစာနှင့် အမိန့်ကြော်ငြာစာ အမှတ် ၄၀/၂၀၁၁ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် နိုင်ငံခြားငွေဆိုင်ရာအမိန့် ကြော်ငြာစာတို့ကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် လက်ခံရရှိတဲ့အတွက် ၂၀-၁၀-၂၀၁၁ ရက်မှာ လွှတ်တော်ကိုယ်စားလှယ်များထံ အားလုံးဖြန့်ဝေပြီးဖြစ်ပါတယ်။ အဆိုပါအမိန့်ကြော်ငြာစာနှစ်စောင် နှင့်စပ်လျဉ်းပြီးစိစစ်နိုင်ရန် ဥပဒေကြမ်းကော်မတီအား တာဝန်ပေးအပ်ထားပါတယ်။ စိစစ်တွေ့ရှိမှု အစီရင်ခံစာဖတ်ကြားရှင်းလင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားပါမယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့မှထုတ်ပြန်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် မြေအသုံးပြုခွင့်အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နှင့် နိုင်ငံခြား ငွေဆိုင်ရာအမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ တို့အရဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ပေးပို့ လာပါတယ်။

၂။ ထိုသို့ပေးပို့လာသည့် အမိန့်ကြော်ငြာစာအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၁ နှင့် အညီဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ကြိုတင်လေ့လာပြီး အကြံပြုချက်များ၊ ပြင်ဆင်ချက်များတင်သွင်းနိုင်ရန် ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေပုဒ်မ ၁၀၄ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာကို

ထုတ်ပြန်ထားကြောင်း ဖော်ပြထားပါတယ်။ မြေအသုံးပြုခွင့်အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ တွင် အခန်းပေါင်း ၉ ခန်းနှင့် အပိုဒ်ပေါင်း ၃၂ ခုပါရှိပါတယ်။ နိုင်ငံခြားငွေဆိုင်ရာအမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ တွင်အခန်း ၈ ခန်းနှင့် အပိုဒ်ပေါင်း၂၄ ခုပါရှိတာတွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေအသုံးပြုခွင့်နှင့် နိုင်ငံခြားငွေဆိုင်ရာအမိန့်ကြော်ငြာစာများကို ပြည်သူ့လွှတ်တော်မှ သတ်မှတ်ပေးထားသည့်အချက် ၁၂ ချက်အပေါ်တွင်အခြေခံပြီး (၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ/ မရှိ (၂)တည်ဆဲဥပဒေများနှင့်ညီညွတ်ခြင်း ရှိ/ မရှိ (၃) ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းခြင်းရှိ/မရှိ (၄)နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကိုဖြစ်ထွန်းဖော်ဆောင်နိုင်မှုရှိ/မရှိတို့ကို အဓိကလေ့လာသုံးသပ်စိစစ်ဆောင်ရွက်ခဲ့ကြပါတယ်။ သို့ပါ၍ ပြည်ထောင်စုအစိုးရက ပေးပို့လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုခွင့်အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နှင့် နိုင်ငံခြားငွေဆိုင်ရာအမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ တို့ကို ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လွှဲအပ်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ရှေ့နေချုပ်ရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရက ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်စပ်လျဉ်းသည့် မြေအသုံးပြုပိုင်ခွင့်အမိန့်ကြော်ငြာစာနှင့် အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားငွေဆိုင်ရာအမိန့်ကြော်ငြာစာတို့ကို ဥပဒေကြမ်းကော်မတီ၏စိစစ်တင်ပြချက်များအရ ၎င်းအမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နှင့် ၄၀/၂၀၁၁ တို့ကို ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ လွှဲအပ်ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ရှေ့နေချုပ်ရုံးတို့နှင့်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအတည်ပြုပြဋ္ဌာန်းရန်လိုအပ်ကြောင်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

များခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ ကျွန်တော့်ရဲ့တင်ပြချက်သည် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား မိချောင်းမင်းရေခင်းပြသည့်သဘောမဟုတ်ပါ။ ဤဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့တွင် တာဝန်အရှိဆုံးဝန်ကြီးဌာနတစ်ခု၏ ထိုကဲ့သို့ လုပ်ငန်းများ လွှတ်တော်အရပ်ရပ်သို့တင်ပြရာတွင် ခက်ခဲခြင်း၊ အခက်အခဲများတွေ့ကြုံရခြင်း၊ နှောင့်နှေးကြန့်ကြာမှုများကြုံရခြင်းစသည့် အခက်အခဲများအတွက် ပူပန်စိုးရိမ်မိလို့ ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကို ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် မည်သည့်အတွက် ပြဋ္ဌာန်း ရန်လိုအပ်ကြောင်း ရှင်းလင်းတင်ပြလိုခြင်းသာလျှင်ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၌ ကုလသမဂ္ဂကကြီးမှူး၍ လူသားပတ်ဝန်းကျင်ညီလာခံကြီး Conferences On The Human Environment ကိုကျင်းပခဲ့ပြီး ကမ္ဘာနှင့်တစ်ဝန်းယိုယွင်းပျက်စီးလာနေသည့် ပတ်ဝန်းကျင်အခြေ အနေများကို ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ ကြပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများ အကြား ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် United Nation Improvement Programme (UNIP)ကိုဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ လိုအပ်တဲ့နည်းပညာ အကူအညီများ အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများပေါ်ထွန်းလာရေးအတွက် ပံ့ပိုး ကူညီပေးလျက်ရှိပါတယ်။ ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၊ ရီယိုဒီရိုဂျင်းနရေးမြို့တွင် ကမ္ဘာ့မြေ ထိပ်သီးညီလာခံ Earth Summit ကိုကျင်းပပြုလုပ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် လုပ်ငန်းကဏ္ဍပေါင်းစုံ အတွက် အသေးစိတ်အစီအစဉ်များပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး ၂၁ ရာစု အစီအစဉ်ကိုအတည်ပြုချမှတ်ကာ နိုင်ငံအလိုက် ၂၁ ရာစုအစီအစဉ်များရေးဆွဲချမှတ်ဆောင်ရွက် ကြရန်လည်း ကမ္ဘာ့နိုင်ငံများအားလုံးကိုတိုက်တွန်းခဲ့ကြပါတယ်။ ယင်းညီလာခံအပြီးနောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို စနစ်တကျထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့်အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းဆောင်ရွက်လာခဲ့ကြပါတယ်။ အာဆီယံနိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများ ပြဋ္ဌာန်းထားရှိမှုကိုလည်းတင်ပြလိုပါတယ်။ မလေးရှားနိုင်ငံသည် ပတ်ဝန်း ကျင်အရည်အသွေးဆိုင်ရာဥပဒေကို ၁၉၇၄ခုနှစ်တွင်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို ၁၉၇၇ ခုနှစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံသည် အမျိုးသားပတ်ဝန်းကျင် အရည်အသွေးမြှင့်တင်ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၉၂ ခုနှစ်တွင် လည်းကောင်း၊

ဗီယက်နမ်နိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဥပဒေကို ၁၉၉၃ ခုနှစ်တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးဆိုင်ရာဥပဒေကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတများစီမံခန့်ခွဲရေးဥပဒေကို ၁၉၉၆ခုနှစ်တွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဥပဒေကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည်ကိုတွေ့ရှိရပါတယ်။ အလားတူအိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၈၆ ခုနှစ်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၈၉ ခုနှစ်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအက်ဥပဒေကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်းပြဋ္ဌာန်းခဲ့ကြပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမူကြမ်းကို ၁၉၉၈ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပါတယ်။ ရေးဆွဲရာတွင် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကျွမ်းကျင်သူများ၏ အကြံဥာဏ်ကိုရယူပြီး မြန်မာနိုင်ငံရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များစုပေါင်းပြီးရေးဆွဲခဲ့ကြခြင်းဖြစ်ပါတယ်။ ရေးဆွဲရာတွင် နိုင်ငံတော်၏ပကတိအခြေအနေကိုမူတည်ပြီး လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်နိုင်သည့် အနေအထားအရရေးဆွဲခဲ့ပါတယ်။ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပပြီး ချပြဆွေးနွေးရေးဆွဲခဲ့ပါတယ်။ ရေးဆွဲရမည့်လုပ်ငန်းအဖွဲ့ကိုလည်း သီးသန့်ဖွဲ့စည်းသတ်မှတ်ပြီး အချိန်ယူဆောင်ရွက်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါတယ်။ သို့ရာတွင်နိုင်ငံတော်၏ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကိုထောက်ထား၍ ပြဋ္ဌာန်းရန် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ယခုအခါ မြန်မာနိုင်ငံမှအပ အခြားအာဆီယံနိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများအားလုံးတွင် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်ကတည်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများ ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရန်လိုအပ်နေပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးပါကလည်း လိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များရေးဆွဲချမှတ်ရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်၊ စံညွှန်းများသတ်မှတ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုအထိလိုအပ်မည်ဖြစ်ပါတယ်။ သို့ပါ၍ ယနေ့အချိန်အခါတွင် ဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိပါက အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ အနေဖြင့်လည်းကောင်း၊ အာဆီယံအဖွဲ့၏ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် နိုင်ငံအနေဖြင့်လည်းကောင်း

Image ကောင်းရန်လိုအပ်နေပြီဖြစ်ပါ၍၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများကလမ်းညွှန်ခြင်း၊ အားပေးဆောင်ရွက်ခြင်းများပြုလုပ်လာပြီဖြစ်တဲ့အတွက် အလေးထားဆောင်ရွက်ရန်တင်ပြရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အမျိုးသားပတ်ဝန်းကျင်မူဝါဒ ၁၉၉၄ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံ ၂၁ ရာစုအစီအစဉ် ၁၉၉၇ ခုနှစ်နှင့် အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ၂၀၀၉ ခုနှစ်တို့ကို ရေးဆွဲချမှတ်ထားပြီးဖြစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် အခြေခံယန္တရားတစ်ရပ်ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမှာ မဖြစ်မနေပြဋ္ဌာန်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီပွားရေး၊ လူမှုရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အမျိုးသား အဆင့်တွင် လက်တွေ့ဆောင်ရွက်မှုများအဖြစ် ပြောင်းလဲပို့ဆောင်ပေးမည့် ယန္တရားတစ်ခုဖြစ်ပါတယ်။ ပိုမိုကောင်းမွန်သန့်ရှင်းသော ပတ်ဝန်းကျင်၊ သဘာဝသယံဇာတများလုံခြုံမှုနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဘက်စုံအချိုးညီစေရန်အတွက် ဆောင်ရွက်သူများကိုအာမခံချက်ပေးပါတယ်။ မူဝါဒ များ၊ အစီအစဉ်များကို ဥပဒေအရကျောထောက်နောက်ခံပေးခြင်းဖြင့် တရားမျှတမှု၊ အချိုးညီမျှမှုနှင့် အကာအကွယ်ပေးမှုများလည်းရရှိစေပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ရေးရာစီမံခန့်ခွဲမှုတွင် အစိုးရ၏စီမံဆောင်ရွက်မှုများတွင် ပြည်သူလူထုပူးပေါင်းပါဝင် လာရေးအတွက် ပံ့ပိုးဆက်သွယ်ဆောင်ရွက်ပေးပါတယ်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူညီချက် အများအပြားတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပြီး Convention ပါသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိပါတယ်။ အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများသည် အပြည်ပြည်ဆိုင်ရာစံနှုန်း၊ တာဝန်များကို ရုပ်လုံးပေါ်စေ မည်ဖြစ်ရာ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဥပဒေများနှင့် တစ်ဆက်တစ်စပ်တည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို မဖြစ်မနေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်ကြောင်းဖော်ညွှန်းလျက်ရှိနေပါတယ်။ ဆင်းရဲမှုသည်ပတ်ဝန်းကျင်ယိုယွင်းရခြင်း၏ အကြောင်းရင်း တစ်ခုဖြစ်ပါတယ်။ ချို့တဲ့သည့်ပြည်သူများသည် ၎င်းတို့၏ ဘဝရှင်သန်ရပ်တည်ရေး အခြေခံ လိုအပ်ချက်ဖြစ်သော စားဝတ်နေရေးအတွက် ပတ်ဝန်းကျင်ကိုအထူးမှီခိုအားထားကြရသဖြင့် ယင်း အသက်မွေးဝမ်းကြောင်းမှုများက ပတ်ဝန်းကျင်ကိုယိုယွင်းပျက်စီးစေပြီး ယင်းယိုယွင်းပျက်စီးနေသော

ပတ်ဝန်းကျင်ကဆင်းရဲမှုကိုဖြစ်ပေါ်စေကာ ဆင်းရဲမှုသံသရာလည်ပတ်နေခြင်းလည်း ဖြစ်ပါတယ် ခင်ဗျား။ ၎င်းအပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပတ်ဝန်းကျင်အပေါ်အလွန်အမင်း မှီခိုအားထားသည့် အသက်မွေးဝမ်းကျောင်းမှုများကြောင့် ယိုယွင်းပျက်စီးလျက်ရှိသည့် ပတ်ဝန်းကျင်အခြေအနေက ပြည်သူလူထု၏ထိခိုက်ဆုံးရှုံးနိုင်မှုအတိုင်းအတာကို တိုးတက်ကြီးမားစေပြီး သဘာဝဘေးမှ ကြီးမားသောဘေးဒုက္ခကပ်အဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေကာ ပြည်သူလူထု၏အသက်၊ အိုးအိမ်၊ စည်းစိမ်ဆုံးရှုံးမှုများနှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာထိခိုက်ပျက်စီးမှုများပါ ဖြစ်ပေါ်စေခဲ့ကြောင်းကို ဆူနာမီ၊ နာဂစ်၊ တာလေငလျင်၊ ပခုက္ကူရေဘေးစသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များက အခိုင်အမာပြဆိုနေပြီလည်းဖြစ်ပါတယ်။ သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများလျှော့ချရေး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကျသည့် သဘာဝသယံဇာတများ စနစ်တကျစီမံခန့်ခွဲမှုကိုဆောင်ရွက်သင့်ကြောင်း၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက်တွင် အသိအမှတ်ပြုဖော်ပြထားသည်ဖြစ်ရာ သဘာဝသယံဇာတများကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် မဖြစ်မနေပြဋ္ဌာန်းဆောင်ရွက်ရန်လိုအပ်လျက်ရှိနေပါတယ်။ လက်ရှိဆောင်ရွက်လုပ်ကိုင်နေသည့် စီပွားရေးလုပ်ငန်းများသည် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခဲ့ကြသဖြင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များကို ကမ္ဘာနှင့်အဝန်းတွေ့ကြုံကြလျက်ရှိရာ တွေ့ကြုံမှုများမှလျော့ပါးစေရေးအတွက် ပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စီးပွားရေးလုပ်ငန်း၊ တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်း Green Economy များတွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တစ်ရပ်ကိုလည်း ၂၀၁၂ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ရန်ပြင်ဆင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံသည်လည်း မကြာမီက Green Economy And Green Growth Forum ကျင်းပခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်နိုင်ရေးအတွက် အစီအစဉ်များရေးဆွဲချမှတ်ရေးအတွက် တင်ပြဆောင်ရွက်နေပြီလည်းဖြစ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံသည် ဒေသတွင်းအခြားနိုင်ငံများနည်းတူ ထောင်စုနှစ်ရည်မှန်းချက်များကိုလည်း ပူပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိပါက ထောင်စုနှစ်ရည်မှန်းချက်များ၏ အဓိကရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်အကောင်အထည်

ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဥ် ရှစ်ရပ်တွင် ပါဝင်သည့် အဓိကအခြေခံတစ်ရပ်ဖြစ်သည့် ပတ်ဝန်းကျင်ကောင်းမွန်ရေး၊ သယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး အောင်မြင်ရန်စိန်ခေါ်မှုများကို ရင်ဆိုင်နေရမည်လည်းဖြစ်ပါတယ်ခင်ဗျား။ ယနေ့ဖွံ့ဖြိုးပြီး နိုင်ငံအများအပြားတွင် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများမျိုးစုံ ပမာဏများစွာတည်ရှိနေပါတယ်။ ယင်းစွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံထိန်းသိမ်းစွန့်ပစ်ရန်မှာ စရိတ်စကအလွန်ကြီးမားသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နည်းလမ်းမျိုးစုံဖြင့် လွှဲပြောင်းပေးခြင်းဆောင်ရွက်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါက ဖော်ပြပါဘေး အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနိုင်ငံတွင်းသို့ နည်းလမ်းမျိုးစုံဖြင့်ရောက်ရှိလာနိုင်ပြီး ပြည်သူများ၏ ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေနိုင်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ဘေးအန္တရယ်ရှိစွန့်ပစ်ပစ္စည်းများနိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့်ရောက်ရှိလာမှုကို တားဆီးကာကွယ်နိုင်ရေးအတွက်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် မဖြစ်မနေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိနေပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြောင်း ကို ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅ တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ ပုဒ်မ ၃၉၀ တွင် နိုင်ငံသားတိုင်း နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည့်အချက် ၄ ချက်တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အချက်လည်း ပါဝင်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက မူဝါဒဆိုင်ရာမိန့်ခွန်းပြောကြားရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးကို အလေးထားရမှာဖြစ်သလို လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုများလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများထိန်းသိမ်း ကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံ ထောင့်စုံကဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်ကို ဟန်ချက်ညီညီထိန်းညှိဆောင်ရွက်ပေးသည့် မူဝါဒသစ်တစ်ရပ်ချမှတ်သွားမှာဖြစ်ပါတယ်ဟု ထည့်သွင်းမိန့်ကြားခဲ့ပါတယ်။ မိန့်ကြားချက်နှင့်အညီ ခေတ်စနစ်နှင့်လျော်ညီသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတစ်ရပ်ကို ရေးဆွဲချမှတ်ရန်လည်းလိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅

နှင့်အညီ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်၊ ၈၃/၂၀၁၁ ဖြင့် သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry) အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များကို တာဝန်ယူဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဖွဲ့စည်းရန်လည်း နိုင်ငံတော် သမ္မတရုံး၏သဘောတူခွင့်ပြုချက်အရ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ ဖွဲ့စည်းပုံစိစစ်ပြီး နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြထားပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ရာ ဝန်ကြီး ဌာနအနေဖြင့်လည်း နိုင်ငံတော်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမရှိဘဲ ဆောင်ရွက်ရန်ဖြစ်နိုင်မည် မဟုတ်ကြောင်းတင်ပြအပ်ပါတယ်။ ပတ်ဝန်းကျင်ယိုယွင်းမှုများနှင့် ထိုယိုယွင်းမှုများကြောင့် လူသားနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်စေမှုများသည် များသောအားဖြင့် ရေတိုကာလအတွင်းတွင်မသိသာလှဘဲ နှစ်ကာလအတန်ကြာမှသာသိရှိစေနိုင်ပြီး သိရှိချိန်တွင် ယိုယွင်းပျက်စီးမှုပမာဏကြီးမားကာ ပြန်လည် ကုစားဖြေရှင်းရန်အလွန်ခက်ခဲပြီး ကြီးမားသောဆုံးရှုံးမှုများနှင့်တွေ့ကြုံလာနိုင်သဖြင့် နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း များကို ဘက်စုံထောင့်စုံမှ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေသည် မဖြစ်မနေပြဋ္ဌာန်းဆောင်ရွက်ရေးမှာ အရေးတကြီးလိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်၏သယံဇာတများ ရေရှည်တည်တံ့ရန်နှင့် ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် အဓိကကျောရိုးဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို တရားဝင်ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော် ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် အဟန့်အတားမဖြစ်စေဘဲ အထောက်အပံ့သာဖြစ်စေမည်ဖြစ် ပါတယ်။ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ နောက်ဆုံးသဘောတူညီချက်ဖြစ်သည့် Green Inclusive Growth အရ ပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တစ်ပါတည်းပါဝင်သည်ဆိုသည့် အယူအဆကိုလည်း နားလည်လက်ခံပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို မိတ်ဖက်ဆောင်ရွက်ကြရေးကိုလည်း ယခုတင်ပြ ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းတင်ပြလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတော် ဒီမိုကရေစီအစိုးရသစ်

လက်ထက်တွင်ပေါ်ထွန်းလာမည့် နိုင်ငံနှင့်ပြည်သူအတွက် ရည်ရွယ်ပြုစုထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ယခုလွှတ်တော်အဆင့်ဆင့်မှ ပြဋ္ဌာန်းပေးခြင်းအားဖြင့် လွှတ်တော်များ၏ ဂုဏ်သိက္ခာအရလည်းကောင်း၊ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာအရလည်းကောင်း များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော ''ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း''နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသည့်လွှတ်တော်ကိုယ်စားလှယ်များကဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကပေးပို့လာတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ခေါင်းစဉ်၊ နိဒါန်းမှအစ ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလပြဋ္ဌာန်းချက်သို့မဟုတ် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံသည်ဟု မှတ်ယူရမှာဖြစ်တဲ့အတွက် အတည်ပြုကြောင်းတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအပါအဝင် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်အထိ မူလပြင်ဆင်ချက်၊ အချက် ၂၀ ရှိပါတယ်။ ၉ ချက်ဆွေးနွေးအတည်ပြုပြီးဖြစ်ပါတယ်။ ၁၁ ချက်ကျန်ပါတယ်။ ဒီ ၁၁ ချက်ကထပ်မံဆွေးနွေးပြင်ဆင်ချက် ၁၁ ချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ဆွေးနွေးမှာစုစုပေါင်း ၂၂ ချက်ရှိပါတယ်။ ဆွေးနွေးခဲ့၊ အတည်ပြုခဲ့တဲ့ အခန်း (၁) ခေါင်းစဉ်နှင့် အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (က၊ ခ၊ ဂ၊ ဃ၊ ဇ၊ ဈ၊ ဋ၊ ဍ၊ ဏ၊ ထ၊ ဒ၊ ဓ )တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၄၈ ရက်မြောက်နေ့တွင် ဆွေးနွေးပြီးဖြစ်သော အပိုဒ် ၂၊ အပိုဒ်ခွဲ (င) သည် ဒေါက်တာစိုင်းကျော်အုန်း၏ ပြင်ဆင်ချက်အတိုင်း

လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ( စ ၊ တ )တို့သည် ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ( ဆ၊ ဇ၊ ည၊ ပ )တို့သည် အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း လည်းကောင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၂) ခေါင်းစဥ်၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (က၊ ခ၊ ဂ)တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၄၈ ရက်မြောက်နေ့တွင် ဆွေးနွေးပြီးဖြစ်သော အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(င)သည် ဦးသိန်းလွင်၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃၊ အပိုဒ်ခွဲ (စ)၊ (ဆ)၊ (ဇ)နှင့် အခန်း(၃) ခေါင်းစဥ်တို့သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၄၊ အပိုဒ်ခွဲ (က)နှင့် စပ်လျဥ်း၍ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးရန်ဖြစ်ပါတယ်။ စာမျက်နှာ ၆၊ အမှတ်စဥ် ၁၁ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အမျိုးသားလွှတ်တော်က အဖွဲ့ဝင်(၂၁)ဦး ဖြင့်စိစစ်အတည်ပြုခဲ့ပါတယ်။ ဒီကော်မတီမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေဖြင့် သတ္တုတွင်းဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မပါဝင်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အမှတ်စဥ် ၁၇ နေရာမှာ ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အမှတ်စဥ် ၁၈ ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအား အဖွဲ့ဝင်များအဖြစ်ထပ်မံဖြည့်စွက်နိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း အပိုဒ် ၄(က)မှာ ထပ်မံဖြည့်စွက်ချက်အနေနဲ့ မိုးလေဝသနဲ့ ဇလဗေဒပညာရှင်အဖွဲ့ဝင်နှစ်ဦး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်နှစ်ဦးထပ်မံဖြည့်စွက်ပြီး

ထည့်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းရာမှာ မိုးလေဝသနဲ့ ဇလဗေဒဘာသာရပ်နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်နေတဲ့အတွက် ပညာရှင်နှစ်ဦးထပ်မံဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်လိုအပ်မှာဖြစ်တဲ့အတွက် နောက်ထပ်နှစ်ဦး ထပ်မံဖြည့်စွက်တာဖြစ်ပါတယ်။ ဒါပါပဲခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကျော်ခင်၊ ကျောက်တန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဆွေးနွေးရန် တင်ပြထားတာကတော့ အမှတ်စဉ် ၁၂၊ အပိုဒ် ၄(က)နှင့် အပိုဒ်၄(ခ)တို့ဖြစ်ပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ အမှတ်စဉ် ၁၂၊ အပိုဒ် ၄(က)မှာ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းသည်ဆိုပြီး အပိုဒ်ခွဲ ၁ မှ ၂၁ ထိ ဖော်ပြထားပါတယ်။ ကျွန်တော်ပြင်ဆင်လိုတာကတော့ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကော်မတီကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးများမှ သင့်လျော်တဲ့ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်လို့ ပြင်ဆင်ချက်တင်ပြထားပါတယ်။ ဆက်လက်ပြီး အမှတ်စဉ် ၁၂၊ အပိုဒ် ၄(ခ) မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်လို့ဖော်ပြထားပါတယ်။ ပြင်ဆင်လိုတာကတော့ နိုင်ငံတော်သမ္မတသည် အဆိုပါကော်မတီအား လိုအပ်ပါကပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းနိုင်သည်လို့ ဖော်ပြထားပါတယ်။ ကျွန်တော့်ရဲ့ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းမှာ ကော်မတီဝင်များကိုဖွဲ့စည်းရာမှာ ကော်မတီတွင်ပါရှိတဲ့ပုဂ္ဂိုလ်တစ်ဦးချင်းအား အသေးစိတ်ထည့်သွင်းရန်မလိုအပ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ကော်မတီဝင်များဖွဲ့စည်းခြင်းသည် လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဖွဲ့စည်းနိုင်တဲ့အတွက်အမှတ်စဉ် ၁၂၊ ၄(က)နှင့် ၄(ခ) ကို ပြင်ဆင်ချက်တင်ပြထားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအပိုဒ် ၄ (က) နှင့်ပတ်သက်လို့ ၁၆-၁၁-၂၀၁၁ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၈ ရက်မြောက်နေ့မှာ ကျွန်တော်တို့စတင်ဆွေးနွေးခဲ့ပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း(၂)ထိ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးအတည်ပြုပြီးတော့ အခန်း (၃) ကိုဆွေးနွေးနေဆဲမှာပဲ ဥက္ကဋ္ဌကြီးက နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုဖြစ်ထွန်းစေနိုင်ပြီး ဥပဒေကြမ်းတွင်မပါရှိသေးသည့် အခန်း၊ အပိုဒ်များကိုထည့်သွင်းရန်လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး လိုအပ်မည့်အပိုဒ်များကိုထည့်သွင်းနိုင်ရန်ဆန္ဒရှိပါကြောင်း၊ ဥပဒေကြမ်းတွင်ပါဝင်သင့်သည့် အပိုဒ်များကိုထည့်သွင်းရေးဆွဲတင်ပြနိုင်မည့် အခွင့်အလမ်းများလည်းရှိပါကြောင်းနဲ့ ပြင်ဆင်ချက်အဆိုများကို နိုဝင်ဘာ ၂၀ ရက်နေ့တွင်ပေးပို့ကြရန်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါတယ်။ အဲ့ဒီ မိန့်ကြားချက်နှင့်အညီ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များစုဝေးပြီးတော့ ၁၇-၁၁-၂၀၁၁၊ ၁၈-၁၁-၂၀၁၁ နှင့် ၂၀-၁၁-၂၀၁၁ ရက်နေ့ ၃ ရက်မှာ တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီလိုတိုင်ပင်ဆွေးနွေးချက်များကို သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အခု အပိုဒ် ၄(က)မှာ ဆိုလို့ရှိရင် မူလဝန်ကြီးဌာနက အဆိုပြုချက်ဟာ ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးမှဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားသက်ဆိုင်ရာဝန်ကြီး၊ တာဝန်ရှိဌာနများမှဝန်ကြီး၊ ဒုဝန်ကြီးများနှင့် အရာရှိကြီးများကို ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးစသည်ဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းထားပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဟာ အင်မတန်ကြီးမားကျယ်ပြန့်တဲ့အတွက်ကြောင့် ကော်မတီဥက္ကဋ္ဌနှင့် အခြားကော်မတီဝင်များကို ခေတ်ကာလပြောင်းလဲတိုးတက်လာသည်နှင့်အမျှ လိုက်လျောညီထွေပြောင်းလဲတာဝန်ပေးအပ်ရန်လိုအပ်မည်ဖြစ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်ဖွဲ့စည်းရာတွင် နိုင်ငံ့ဝန်ထမ်းများသာမက အခြားသင့်တော်မည့် ပြင်ပပုဂ္ဂိုလ်၊ တတ်သိပညာရှင်များပါပါဝင်နိုင်ရန်အခွင့်အလမ်းများ ဖွင့်ထားရန်လိုအပ်မည်ဖြစ်ခြင်း၊ ဥပဒေပြဋ္ဌာန်းရာတွင်တိကျသော်လည်း ပျော့ပျောင်းမှုရှိသည့် ကျစ်လစ်သည့်စကားများ၊ စကားလုံးများသုံးစွဲသင့်သည်ဟုထင်မြင်မိခြင်း၊ ဖွဲ့စည်းမှုတွင်ပါဝင်သင့်သည့်ပုဂ္ဂိုလ်များကို နည်းဥပဒေများဖြင့် အသေးစိတ်ဖော်ပြနိုင်ခြင်းစသည့်

အချက်များကြောင့် အခန်း(၄)၊ အပိုဒ် ၄(က)ကို ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ပြည်ထောင်စုအစိုးရကတာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးကဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး၊ သင့်တော်သောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်ဟု ကျွန်တော်တို့ကော်မတီ ကနေပြီးတော့ အဆိုပြုလိုပါတယ်။ အဲ့ဒီမှာ အပိုဒ် ၄(ခ)အဖြစ် အဖွဲ့ကိုဖွဲ့စည်းရာတွင် အဖွဲ့ဝင်များမှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်ဟူ၍ လည်းကောင်း အစားထိုး ဖော်ပြလိုပါတယ်။ ယခင် ကျွန်တော်တို့ ရှိပြီးတဲ့အပိုဒ်ကတော့ ၄(ဂ) အဖြစ် ပြောင်းလဲပြီးတော့ ဖော်ပြသွားမှာဖြစ်ကြောင်းတင်ပြလိုပါတယ်။ တစ်လက်စတည်းမှာပဲ အသေးစိတ် အချက်အလက်တွေကိုတော့ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာနဲ့ ဆက်လက်ထုတ်ပြန်နိုင်မှာဖြစ်တဲ့ အတွက်ကြောင့် ကျစ်ကျစ်လစ်လစ်ဖော်ပြလိုကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီ၊ ဦးအောင်ကျော်ခင် ကပဲနောက်တစ်ပိုဒ် ဆွေးနွေးသွားပါတယ်။ နောက်ဆုံးတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီက သက်ဆိုင်ရာအဖွဲ့အစည်းများ အထူးသဖြင့်တော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ယူမယ့် ပြည်ထောင်စုဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနဲ့ တိုင်ပင်ဆွေးနွေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့တင်ပြချက်ကို ကန့်ကွက်မယ့် သူရှိက မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားနဲ့ပဲသွားပါ့မယ်။ စာမျက်နှာ(၈)၊ အမှတ်စဉ် (၁၂)သယံဇာတနှင့်ကျော်ပြီးတော့ အမှားပြင်ပါ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ကျွန်တော်တို့ အပိုဒ်(၄)ကိုဆွေးနွေးပြီးတဲ့နောက်မှာ အပိုဒ်(၅)ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးလို ပါတယ်။ အပိုဒ်(၅)မှာ ကော်မတီရဲ့လုပ်ငန်းတာဝန်များကိုဖော်ပြထားပါတယ်။ ကော်မတီရဲ့လုပ်ငန်း တာဝန်များကို ၅(က) ကနေပြီးတော့ ၅(ဆ)အထိဖော်ပြထားတာဖြစ်ပါတယ်။ ဒီနေရာမှာ ဒီဥပဒေကို ပိုမိုကျစ်လစ်စေရန်နှင့် ခေတ်ကာလပြောင်းလဲလာတာနဲ့အမျှ လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင် ဖြည့်စွက်နိုင်ရန် အသေးစိတ်အချက်အလက်များကိုလည်း နည်းဥပဒေများမှာ ဆက်လက်ဖော်ပြနိုင်တဲ့

အတွက် သယံဇာတနဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေနဲ့ အပိုဒ်(၅)ကို ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်ဟု အဆိုပြုတင်ပြထားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လက်ခံပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ တင်ပြချက်ကို ကန့်ကွက်သူရှိက မတ်တတ်ရပ်ပါ။ ကြားနေသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေသူမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ်(၁၂)၊ အပိုဒ် ၅(ခ)၊ ဦးခိုင်မောင်ရည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၅(ခ)မှာ ကော်မတီရဲ့ လုပ်ငန်းတာဝန်များဖြစ်ပါတယ်။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အတည်ပြုပြီးသားဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးစရာမလိုတော့ဘူးဖြစ်ပါတယ်။ ကော်မတီက လက်ခံပြီးပြီဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ(၉)၊ အမှတ်စဉ်(၁၃)၊ အပိုဒ်(၆) သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ်(၅)တုန်းက ကော်မတီ၏လုပ်ငန်းတာဝန်များ ဆွေးနွေးအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ အပိုဒ်(၆)ကတော့ ကော်မတီရဲ့လုပ်ပိုင်ခွင့်များကို အပိုဒ် ၆(ဆ)အထိ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ အပိုဒ် ၆ မှာပါတဲ့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များကိုလည်း အပိုဒ် ၅ ပါ လုပ်ငန်းတာဝန်များကဲ့သို့ပဲ ကျွန်တော်တို့ကော်မတီအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီရဲ့ လုပ်ငန်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အလို့ငှာ လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပြဋ္ဌာန်းပေးရမည်ဟု စာလုံးကျစ်ကျစ်လစ်လစ်နဲ့ နောင်အသေးစိတ်ကိုလည်း နည်းဥပဒေများမှာပြဋ္ဌာန်းနိုင်ဖို့အတွက် အဆိုပြုတင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထား သိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ တင်ပြချက်ကို လက်သင့်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုကို ကန့်ကွက်မယ့်သူရှိက မတ်တတ်ရပ်ပါ။ ကြားနေမယ့်သူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေ မရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသိန်းလွင်တင်ပြတာက ပုဒ်မ ၆ တစ်ခုလုံးကို ဆိုလိုတယ်ဆိုတာ မှန်ပါသလား။ မှန်တယ်ဆိုတဲ့အတွက် ဦးခိုင်မောင်ရည်ဆွေးနွေးဖို့လိုဦးမလား။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ မလိုတော့ပါဘူးခင်ဗျား။ ကျွန်တော်လက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ(၁၀)၊ အပိုဒ် ၇ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းရေးကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၇ တစ်လက်စတည်းအချိန်ကိုငဲ့ညှာသောအားဖြင့် အပိုဒ် ၈ ပါ တစ်ပါတည်း တင်ပြလိုပါတယ်ခင်ဗျား။ အပိုဒ် ၇ နှင့် ၈ သည်အထက်ကတင်ပြခဲ့တဲ့ အပိုဒ် ၅ နှင့် ၆ မှာ အကျုံးဝင်သွားမယ်လို့ယူဆပါတယ်။ တကယ်လို့လိုအပ်ခဲ့ရင်လည်း နည်းဥပဒေ များနဲ့ အသေးစိတ်ပြဋ္ဌာန်းနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကော်မတီအနေနဲ့ကတော့ အပိုဒ် ၇ နဲ့ ၈ ကို နုတ်ပယ်ထားရှိဖို့ အဆိုပြုတင်ပြထားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ့ကြောင့် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆို ပြုချက်ကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊

ကြားနေသူမရှိတဲ့အတွက် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အခန်း(၄)၊ အမှတ်စဉ် ၁၆ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၄)မှာ ပထမဆုံးခေါင်းစဉ်ကို ဆွေးနွေးလိုပါတယ်။ ခေါင်းစဉ်မှာက ဝန်ကြီးဌာန၏ တာဝန်နဲ့လုပ်ပိုင်ခွင့်များလို့ဖော်ပြထားပါတယ်။ တကယ်တော့ ဝန်ကြီးဌာနမှာ အခြားလုပ်ငန်းတာဝန်များလည်း ရှိနိုင်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ပိုမိုတိကျမှုရှိစေရန်အတွက် ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များလို့ ကျွန်တော်တို့အဆိုပြုလိုပါတယ်ခင်ဗျား။ တစ်လက်စတည်းမှာပဲ အပိုဒ် ၉ မှာ ဟိုးတောက်လျှောက် ၉ က (မ) အထိ ရှိပါတယ်ခင်ဗျား။ အဲ့ဒီ ၉ (မ)ကိုလည်းဖော်ပြတဲ့နေရာမှာ ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များဆိုပြီးတော့ အဆိုပြုထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးသိန်းလွင်တင်ပြတာက စာမျက်နှာ(၁၀)၊ အမှတ်စဉ်(၁၇)က နေပြီးတော့ စာမျက်နှာ ၁၆ အပိုဒ် ၉(ဍ) အထက်ထိဆိုတာ မှန်၊ မမှန် အတည်ပြုပေးပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ကျွန်တော် ပြန်လည်တင်ပြပါမယ့်ခင်ဗျား။ ပထမတစ်ချက် တင်ပြလိုတာက ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များဆိုတဲ့ ခေါင်းစဉ်အစား ပိုမိုတိကျဖို့အတွက် ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များဆိုတာက ပထမအဆိုပြုချက်ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါတစ်ခုပဲ ပြတ်အောင်လုပ်လိုက်ပါ။ ဒါကြောင့်မို့လို့ ဒီသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား ခင်ဗျား။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်ကြားနေ

မရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆက်လက်ဆွေးနွေး အဆိုပြုပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအပိုဒ်မှာ စောစောက ကျွန်တော်တင်ပြသလို အပိုဒ် ၉(က) ကနေပြီးတော့ (မ) အထိ အရင်ဆွေးနွေးတင်ပြလိုပါတယ်။ စာမျက်နှာ ၈၊ ၉၊ ၁၀၊ ၁၁ (မ) အထိ ပါပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ဒီဥပဒေမှာပါတဲ့အချက်တွေသည် ပြည့်ပြည့်စုံစုံဖော်ပြထားတာ မှန်သော်လည်း ဒီဥပဒေ ပိုမိုကျစ်လစ်စေရန်နဲ့ ကျွန်တော်တို့အရေးကြီးတဲ့လုပ်ငန်းများကို Sector အလိုက်ထပ်မံစိစစ်ရန်နဲ့ Keep Issue များမဖြစ်မနေပါဝင်သင့်သည့်အချက်များ ပါရှိစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ထပ်မံညှိနှိုင်းခဲ့ပါတယ်။ ညှိနှိုင်းပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနကနေပြီးတော့ သဘောတူညီချက်အရ ဒီအပိုဒ်(က)ကနေ (မ)အထိ ရှိတဲ့နေရာမှာ အပိုဒ် တစ်ခုချင်းစီ တင်ပြပါ့မယ်ခင်ဗျား။ အပိုဒ်(က)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ဒီအတိုင်းထားပါတယ်ခင်ဗျား။ အပိုဒ် (ခ) ပတ်ဝန်းကျင် ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်သော လုပ်ငန်းအစီအစဉ်များကိုလည်း ကောင်း၊ ဒေသဆိုင်ရာလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရေးဆွဲခြင်းဆိုတာကိုလည်း ဒီအတိုင်း ထားရှိပါတယ်ခင်ဗျား။ အပိုဒ်(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်း ကောင်း၊ ပတ်ဝန်းကျင်တွင်ညစ်ညမ်းမှုမဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျှော့နည်း ပပျောက်ရေးတို့အတွက်လည်းကောင်း အစီအစဉ်များချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနဲ့ စစ်ဆေးကြပ်မတ် ခြင်းကိုလည်း မူလအပိုဒ်အတိုင်းထားပါတယ်ခင်ဗျား။ နောက်အပိုဒ်(ဃ)မှာ ပတ်ဝန်းကျင်အရည် အသွေးထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် ထုတ်လွှတ်အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့် စွန့်ထုတ်အစိုင်အခဲများ၊ကုန်ထုတ်လုပ်မှုနည်းလမ်းများ၊လုပ်ငန်းစဉ်များနှင့်ထုတ်ကုန်များ၏စံချိန်စံညွှန်း အပါအဝင် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများသတ်မှတ်ခြင်းကိုလည်း မူလ(ဃ)အတိုင်းထား ပါတယ်ခင်ဗျား။ စောစောက ကျွန်တော်အမှားပြင်ပါတယ်။ ကျွန်တော်တို့ ဒီအပိုဒ်(ဂ)မှာ နောက်ဆုံး အစီအစဉ်များနှင့် မဟာဗျူဟာများဆိုတဲ့အပိုင်းကိုတော့ မဟာဗျူဟာများဆိုတာကို ကျွန်တော်တို့က ဖြုတ်လိုက်ပါတယ်ခင်ဗျား။ ဒါဘာကြောင့်လဲဆိုတော့ အခုကျွန်တော်တို့ ဆွေးနွေးနေတာသည် ဝန်ကြီးဌာနတာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်ပြီးတော့ မဟာဗျူဟာများဆိုတာကတော့ အပေါ်မှာဖွဲ့စည်း

ထားတဲ့ကော်မတီရဲ့ လုပ်ငန်းတာဝန်များနဲ့ပိုပြီးတော့ သက်ဆိုင်မှာဖြစ်တဲ့အတွက် မဟာဗျူဟာများဆိုတဲ့ စာလုံးကို ကျွန်တော်တို့ အပိုဒ် ၉(ဂ) ကဖြုတ်ထားခဲ့ခြင်းဖြစ်ပါတယ်ခင်ဗျား။ (င)မှာ မဟာဗျူဟာများဆိုတာဖြုတ်ခဲ့ပါတယ်။ ဖြုတ်ထားခဲ့ပါတယ်။ အဲ့ဒီစာလုံးကို (ဂ)မှာ နောက် Sentence မှာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မှန်ပါပြီ။ နောက်ပြီးတဲ့အခါမှာ (င) စာမျက်နှာ ၁၂၊ (င) ပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ကျွန်တော်တို့ (င)မှာ ပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များဖြန့်ဖြူးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးမှုမြှင့်တင်ရေးတို့အတွက် အစီအစဉ်များချမှတ်ခြင်းကို ကျွန်တော်တို့ ဖြုတ်ထားခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ သက်ဆိုင်ရာနည်းဥပဒေများမှာ ပြဋ္ဌာန်းနိုင်တဲ့အချက်ဖြစ်တဲ့အတွက် Keep Issue မဟုတ်တဲ့အတွက် ဝန်ကြီးဌာနကလည်းသဘောတူတဲ့အတွက် ဒါကို ကျွန်တော်တို့ (င) ကို ဖြုတ်ထားခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၂၊ ကန့်လန့်ဖြတ်ဇယားကိုပဲ ရှင်းလင်းဖော်ပြပေးဖို့ စာမျက်နှာ ၁၂၊ ကန့်လန့်ဖြတ်ဇယား (င)အပိုဒ် ရောက်သွားပြီ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (င) မှာ အဲ့ဒီမှာ ကျွန်တော်ပြန်ဖတ်ပါမယ်။ ကန့်လန့်ဖြတ်ဇယားမှာ ပတ်ဝန်းကျင်နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာဆွဲဆောင်မှု နည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကော်မတီသို့တင်ပြခြင်းလို့ ဖော်ပြထားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ (စ) ဆက်ဖတ်ပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (စ) က အဲ့ဒါက ခုနက(င)သည် မူလ(ဆ) အတိုင်းဖြစ်ပါတယ်ခင်ဗျား။ (စ)သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အရည်အသွေးမြှင့်တင်ရေးတို့အတွက် အချက်အလက်များကောက်ယူစုစည်းခြင်း၊ သုတေသနပြုခြင်းနှင့် လေ့ကျင့်သင်ကြားမှုအစီအစဉ်များတိုးမြှင့်ဆောင်ရွက်ခြင်းဆိုတာ မူလ (ည) အတိုင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (ဆ)ဆက်ဖတ်ပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဆ) စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ အညစ်အကြေး စွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားသော ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သောစွန့်ပစ်သည့် ဘေးအန္တရာယ် ရှိပစ္စည်းများ၏ အမျိုးအစားနှင့် အတန်းအစားများကိုသတ်မှတ်ခြင်း မူလ (ဍ) အတိုင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ (ဇ)

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဇ) ပတ်ဝန်းကျင်ကို လက်ငင်းရေတို၊ ရေရှည်တွင်သိသာထင်ရှားစွာထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများသတ်မှတ်ခြင်းလို့ ကျွန်တော်တို့ အဆိုပြုထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပြီ၊ ရပြီ။ (ဈ) ဆက်ဖတ်ပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဈ)က စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း မူလ (ဏ) အတိုင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၄ ၊(ည)

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ စာမျက်နှာ ၁၄ (ည) ပတ်ဝန်းကျင်ရေးရာနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံ အချင်းချင်းသဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ အစီအစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်း ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မူလ (ဒ) အတိုင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (ဋ) ဆက်ဖတ်ပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အရည်အသွေးမြှင့်တင်ရေးတို့အတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေချမှတ်သည့် လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း မူလ(ဒ)အတိုင်းပဲဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ (ည) ပဲဆက်ဖတ်ပါ။ မူလဟာမဖတ်ပါနဲ့ မူလဟာကို ကျွန်တော်တို့ ပြင်ဆင်ပြီးပြီ။ အခုစာမျက်နှာ ၁၄ (ည) အပိုဒ်ကိုဖတ်ပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ည)ပတ်ဝန်းကျင်ရေးရာနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်း သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ အစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (ဋ) ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန်တင်ပြချက်ကိုပဲဆက်ဖတ်ပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အရည်အသွေးမြှင့်တင်ရေးတို့အတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းသဘောတူညီချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေ ချမှတ်သည့်လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါတယ်ခင်ဗျား။ နောက် (ဌ) အစိုးရဌာနအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးကပြုလုပ်မည့်စီမံချက် သို့မဟုတ် လုပ်ဆောင်မှုသည်ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာထိခိုက်စေနိုင်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရထိခိုက်မှုဆန်းစစ်သည့်စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ (ဍ) အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ အဏ္ဏဝါကမ်းခြေပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကိုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှုတိုက်ဖျက်ရေး၊ ဖျက်စီးရန်မလွယ်ကူသောညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးဆိုင်ရာလမ်းညွှန်ချက်များချမှတ်ခြင်း၊ (ဎ) ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသူကပေးလျော်စေရန်၊ ဒီမှာ ကျွန်တော်တို့ မူလကပေးလျော်စေခြင်း အစား ပေးလျော်စေရန်လို့ အစားထိုးထားပါတယ်။ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့်အဖွဲ့အစည်းများက ရန်ပုံငွေထည့်ဝင်စေနိုင်ရန် ကျွန်တော်တို့ကအဆိုပြုထားပါတယ်။ မူလကထည့်ဝင်စေခြင်းလို့ ဖော်ပြထားပါတယ်။ နောက်သဘာဝသယံဇာတများ ထုတ်ယူ၊ ရောင်းဝယ်၊ သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏တစ်စိတ်တစ်ပိုင်းအား ပတ်ဝန်းကျင်ထိမ်းသိမ်းရေးလုပ်ငန်းများတွင် ထည့်ဝင်စေနိုင်ရန် စီမံခန့်ခွဲခြင်း၊ မူလကထည့်ဝင်စေခြင်းလို့ဖော်ပြထားပါတယ်။ ကျွန်တော်တို့က ထည့်ဝင်စေနိုင်ရန် စီမံခန့်ခွဲခြင်းလို့ အစားထိုးတင်ပြထားပါတယ်။ (ဏ) က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးအပ်သည့်အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းဆိုပြီး ဝန်ကြီးဌာနညှိနှိုင်းချက်နှင့် ကျွန်တော်တို့ အသစ်အဆိုပြုတင်ပြထားပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒါကြောင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆိုကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၄ း ၀၆ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၄ း ၂၆ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၁၆၊ အပိုဒ် ၉ (၃) ဖြစ်ပါတယ်။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဝန်ကြီးဌာနရဲ့အဆိုပြုချက်မှာပါတဲ့ ပတ်ဝန်းကျင်ကိုသိသာထင်ရှားစွာထိခိုက်စေနိုင်သောဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများသတ်မှတ်ခြင်းဆိုတဲ့နေရာမှာ ပိုပြီးတော့ပြည့်စုံအောင်လို့ ပတ်ဝန်းကျင်ကိုလက်ငင်းရေတိုရေရှည်တွင် သိသာထင်ရှားစွာထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ အမျိုးအစားများသတ်မှတ်ခြင်းတို့ဆိုပြီးတော့ လက်ငင်းရေတိုရေရှည်ကို ထပ်မံပြီးတော့ဖြည့်စွက်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန)**။ ။ ဦးခင်မောင်ဝင်းရဲ့ ပြင်ဆင်တင်ပြချက်ကို စာမျက်နှာ ၁၃၊ အပိုဒ် (ဇ) တွင် ထည့်သွင်းထားပြီး ဖြစ်ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြီးခဲ့တဲ့ ဒီစာမျက်နှာ ၁၃ နောက်ကြောင်းပြန်လှန်မယ်။ ပါပြီးသွားပြီ။ စာမျက်နှာ ၁၃၊ အပိုဒ် (ဇ) ။ ကောင်းပြီ။ ပါပြီးဖြစ်တဲ့အတွက် ဦးခင်မောင်ဝင်းရဲ့အဆိုတင်ပြစရာမလိုတော့ပါဘူး။ စာမျက်နှာ ၁၇ ၊ အပိုဒ် ၉(ဍ)။ ဒီမှာအမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အဆိုရှိပါတယ်။ အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လုပ်အခိုးအငွေ့ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက်လိုအပ်သည့် စက်ရုံများ၊ စခန်းများတည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်ခြင်းဆိုပြီးတော့ ဒီလိုအတည်ပြုချက်အဆိုကို ပြင်ဆင်ရန်မရှိတဲ့အတွက် ထိုအဆိုသည် ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၉(ဏ)။ ဦးခင်မောင်ဝင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဝန်ကြီးဌာနရဲ့အဆိုပြုချက်မှာ စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အဦများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာစည်းကမ်းများသတ်မှတ်ခြင်းလို့ ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ အဲ့ဒီမှာပိုမိုပြီးတော့ပြည့်စုံအောင် အဆောက်အဦများတွင် စွန့်ပစ်ရေသန့်စင်မှုဆိုင်ရာစည်းကမ်းများသတ်မှတ်ခြင်းအပြင် လိုက်နာဆောင်ရွက်စေခြင်းဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ထည့်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်းဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလအဆိုက စွန့်ပစ်ရေကိုအထူးပြုပြီးတော့ ဖော်ပြထားတာတွေ့ရှိရတဲ့အတွက်ကြောင့် ကျွန်တော်ဖြည့်စွက်ထားတဲ့ဟာကို ပြန်ပြီးတော့ရုပ်သိမ်းပါတယ်ခင်ဗျား။ ဥပဒေကြမ်းအတိုင်း ပြန်လည်ထားဖို့ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ စောစောကကျွန်တော်တို့ (ဃ) အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့်စက်ရုံများ၊

စခန်းများတည်ဆောက်ရေး၊ တိုးမြှင့်တည်ထောင်ရေး တိုးမြှင့်ဆောင်ရွက်ခြင်းဆိုတဲ့အပိုဒ်ကို ကော်မတီကနေကျွန်တော်တို့တင်ပြတဲ့နေရာမှာ လိုအပ်လို့ရှိရင်နည်းဥပဒေများမှာ ထည့်သွင်းပြီးတော့ဖော်ပြမယ့်အနေအထားနဲ့ ဖြုတ်ထားတဲ့အထဲမှာပါတာကို အတည်ပြုပြီးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဦးသိန်းလွင် ဒါကြောင့်မို့လို့ခုနက ဥပဒေကြမ်းအမှားပြင်ပါ။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလွင်တို့ကော်မတီက အတည်ဖြစ်ကြောင်းကြေညာထားတာက မူလဥပဒေကြမ်းနဲ့ဆိုရင် ဘယ်အထိပါလဲ။ ပြီးတဲ့အခါမှာဇယားနဲ့ဆိုရင် ဘယ်အထိပါလဲ။ ဒါပြန်ပြီးတော့ရှင်းလင်းတင်ပြပေးပါ။ ဇယား၊ ကန့်လန့်ဖြတ်ဇယားနဲ့ဆိုရင် ဘယ်စာမျက်နှာ၊ ဘယ်အထိအကျုံးဝင်သွားပြီ။ စာမျက်နှာ ၁၆ ကျွန်တော်ခုနကမှတ်ထားတာကတော့ (ပ)၊ (ဏ) အထိအကျုံးဝင်တယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဏ) အထိအကျုံးဝင်ပါတယ်။ ဟုတ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ခုနကထပ်ပြီးတော့ စာမျက်နှာ ၁၇၊ ၉ (ပ)၊ (ဗ) ဖြစ်တဲ့အတွက် ဒါကြောင့်ဘယ်အထိပါသွားမလဲဆိုရင် ဒီမှာ (ဍ)၊ (ပ)၊ (ဏ)ထိပါတာမှန်သလား။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဟုတ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေအုံး။ ခဏလေး(ဏ)က

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဗ) လည်း ပါပါတယ်။

**ဥက္ကဋ္ဌ**။ ။ (ဏ) ထိမပါဘူး။ အခု ဒီအထိပဲပါမယ်။ (ပ) အထိပဲပါမယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ၉(ဗ) အထိပါပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဟိုဇယားတွေနဲ့ရှုပ်သွားလိမ့်မယ်။ အခုကျွန်တော် စာမျက်နှာ ၁၇ ကြည့်လိုက်မယ်။ စာမျက်နှာ ၁၇ က ခုနကတုန်းကကျွန်တော်အနားမပေးခင်တုန်းက စာမျက်နှာ ၁၆ ထိအားလုံးပြီးသွားပြီ။ စာမျက်နှာ ၁၆(ဏ) အပိုဒ်ထိပြီးပြီ။ အခုအစည်းအဝေးပြန်စတဲ့အခါမှာ ဦးခင်မောင်ဝင်း လမ်းမတော်ကိုပြန်တင်ပြခိုင်းတယ်။ တင်ပြခိုင်းတဲ့အခါမှာ ဒီဟာသည်ပါရှိပြီးဖြစ်တယ်လို့ပြောတဲ့အတွက် ဒါလည်းပြီးသွားပြီဆိုတဲ့သဘောဖြစ်ပါတယ်။ အဲဒီအတိုင်းပဲတစ်ခါ ဦးခင်မောင်ဝင်းတင်ပြတယ်။ ဒေါက်တာစိုင်းကျော်အုန်းတင်ပြတယ်။ ဒါကဘယ်အထိပြီးသွားတာလဲ။ ဒေါက်တာစိုင်းကျော်အုန်းက

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)။** ။ ၉(ဏ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့်မို့လို့ မူလ(ဏ)ကို ထပ်ပြင်တယ်။ ပြင်ဆင်ချက်ပေးတာကို သူကပယ်ဖျက်သွားတယ်။ နောက် ဦးခင်မောင်ဝင်းတစ်ယောက်ကျန်တယ်။ အဲ့ဒီဟာနဲ့ပတ်သက်လို့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ပြင်ဆင်ခဲ့တာရှိသေးလား။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ) ။** ။ ကျွန်တော်တို့ ၉(ဏ)အနေနဲ့ကတော့ ဝန်ကြီးဌာန၏ မူလအဆိုပြုချက်အတိုင်းထားရှိဖို့ ကျွန်တော်တို့က အဆိုပြုထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ဟုတ်ပြီ။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်း ဘာ့ကြောင့်ထားရှိစေချင်တာလဲ။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)။** ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ရှင်းလင်းချက်ပြောပေးပါ။ မှန်တယ်။ ဟုတ်ပြီ။ ဘာ့ကြောင့်ထားချင်တာလဲ။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ) ။** ။ ဘာလို့ ကျွန်တော်တို့ထားရှိရမလဲဆိုတော့ မူလဝန်ကြီးဌာနရဲ့အဆိုပြုချက်မှာ စက်မှုနယ်မြေများနှင့် အခြားလိုအပ်သည့်နေရာ၊ အဆောက်အအုံများနှင့် စွန့်ပစ်ရေသန့်ရှင်းမှုဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်းဆိုတာဟာ ပြည့်စုံလုံလောက်ပြီးတော့၊ တကယ်လို့ထပ်ပြီးတော့ ကျွန်တော်တို့ အသေးစိတ်တွေဖော်ပြချင်တယ်ဆိုလို့ရှိရင် နည်းဥပဒေများမှာထည့်သွင်းနိုင်တဲ့အတွက်ကြောင့် ကျစ်ကျစ်လစ်လစ်ဖြစ်ဖို့အတွက်ကို မူလဝန်ကြီးဌာနအဆိုပြုချက်အတိုင်း ကျွန်တော်တို့ အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိချင်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ပတ်ကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)။** ။ မူလဝန်ကြီးဌာနအဆိုပြုချက်အတိုင်းထားရှိရန် ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကဲဒါကြောင့် ဒီမှာ နှစ်ခုဖြစ်နေတယ်။ တစ်ခုကတော့ ဥပဒေကြမ်းကော်မတီ၊ ဝန်ကြီးဌာနရဲ့အဆိုပြုချက်အတိုင်းထားရှိဖို့ ရပြီ။ ဒီမှာ ဦးခင်မောင်ဝင်း၊ ဥပဒေကြမ်းကော်မတီလို့ ဒီလိုမှတ်ချက်ရေးထားတယ်။ ဦးခင်မောင်ဝင်းက ခုနတင်ပြတာရှိတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနကတော့ ဒီစာမှာရေးထားတာကတော့ ဥပဒေကြမ်းကော်မတီ ဒါပေမယ့်လို့ ခုနကတင်ပြတာကတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကတင်ပြပါတယ်။ ဒါကြောင့် သယံဇာတနှင့် ပတ်ဝန်းကျင်

ထိန်းသိမ်းရေးကော်မတီရဲ့တင်ပြချက်ကို ကန့်ကွက်တဲ့သူ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ဦးခင်မောင်ဝင်းရဲ့တင်ပြချက်ကို ထောက်ခံတဲ့လူရှိရင် မတ်တတ်ရပ်ပါ။ ကြားနေတဲ့လူရှိရင် မတ်တတ်ရပ်ပါ။ ကန့်ကွက် ၃ ဦးရှိပြီးတော့ ကြားနေသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ သို့မဟုတ် ဝန်ကြီးဌာနရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၇၊ (ဗ) ဒီမှာတော့ အပိုဒ်ကျော်တယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်အခု နောက်ထပ်တစ်ပိုဒ်မသွားခင်မှာ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆုံးဖြတ်သွားတဲ့ အပိုဒ် ၉(ဏ)ဟာ ရှေ့မှာ ကျွန်တော်တို့ ဆုံးဖြတ်ပြီးသွားတဲ့ (ဈ) အပိုဒ်နဲ့ သွားတူနေပါတယ်ခင်ဗျား။ အဲ့ဒါလေးတစ်ချက်လောက် ပြန်စိစစ်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ကဲ (ဈ)၊ စာမျက်နှာ ၁၃ (ဈ) ကဲဒါကြောင့် ခုနက ဦးသိန်းလွင် ဒီဟာက (ဈ)အပိုဒ်နဲ့ အတူတူပဲဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ထပ်ပြီးတော့ ထည့်စရာမလိုတော့ဘူး။ ခုနက အဲ့ဒါကိုမေးတာ။ မေးတဲ့အတွက် ဒါကြောင့်ထပ်ပြီးမေးအုံးမယ်။ လောလောဆယ် ဦးသိန်းလွင်တို့ကော်မတီကဟာကို အတည်ပြုထားတာက ကန့်လန့်ဖြတ်ဇယားမှာဆိုရင် ဘယ်အထိပါသွားပြီလဲ။ ပါသွားပြီဆိုရင် အဲ့ဒီ နောက်ပိုင်းကဟာပဲ ဆက်မေးမယ်။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ (ဗ) အထိပါပါတယ်ခင်ဗျား။ ကျွန်တော်တို့ကော်မတီက တင်ပြထားတာ ၉(ဗ) အထိပါပါတယ်။

**ဥက္ကဋ္ဌ**။ ။ ၉(ဗ)။ ဒါစာမျက်နှာ ၁၇ ။ နောက်ပိုင်းရှိသေးလား။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)** ။ ။ ၉ နဲ့ ပတ်သက်တာက ဒါပါပဲခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၉(ဗ)က စာမျက်နှာ ၁၈ အထိပါတယ်။ ဟုတ်လား။ ဒါကြောင့်မို့လို့ အဲ့ဒီနောက်ပိုင်းပဲ ကျွန်တော်ဆက်ပြီးမေးတော့မယ်။ အဲ့ဒီရှေ့ကမမေးတော့ဘူး။ ၁၀ မိနစ်လောက်အချိန်စားသွားတယ်။ ကဲစာမျက်နှာ ၁၈၊ အပိုဒ် ၁၀၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)** ။ ။ မူလ ဥပဒေကြမ်းအပိုဒ် ၁၀ သည် ဝန်ကြီးဌာနရဲ့ ရန်ပုံငွေစီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့အပိုင်းကို အပိုဒ် ၁၀(က)ကနေပြီးတော့ (င)အထိဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အပိုဒ်(က)ကနေ (င)အထိကို ပြန်လည်ပြီးတော့သုံးသပ်တဲ့အခါမှာ အဓိကအားဖြင့်တော့ နိုင်ငံတော်မှပြဋ္ဌာန်းကျင့်သုံးလျက်ရှိတဲ့ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနဲ့အညီ ကိုက်ညီမှုရှိစေရန် ကျွန်တော်တို့

ဝန်ကြီးဌာနနဲ့ ပြန်လည်ညှိနှိုင်းပြီးတော့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ထားတဲ့အပိုဒ်က ကျွန်တော်ဖတ်ကြားတင်ပြပါမယ်။ ဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ငွေစာရင်းတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ စီမံခန့်ခွဲမှုရန်ပုံငွေတစ်ရပ်ထူထောင်ရမည်ဆိုပြီးတော့ ကျွန်တော်တို့ ပြန်လည် တင်ပြအဆိုပြုထားခြင်းဖြစ်ပါတယ်။ အဲ့ဒီအပိုဒ်တစ်ပိုဒ်ထဲနဲ့ မူရင်းအပိုဒ် ၁၀ မှာ (က)မှ (င) အထိ အကုန်လုံးအကျုံးဝင်သွားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၈ မှာတော့ အမှတ်စဉ် ၁၈၊ အပိုဒ်ဆိုတာကတော့ ပုဒ်မပါ။ ပုဒ်မ ၁၀ (က)မှ (င)အထိ ဒီထဲမှာတော့ ဒီလောက်ပဲရေးထားပြီးတော့ မူလဥပဒေကြမ်းမှာတော့ စာမျက်နှာ ၁၁၊ ပုဒ်မ ၁၀(က)မှာ ပုဒ်မခွဲငယ် ၁၊ ၂၊ ၃၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) ဆိုပြီးပါပါတယ်။ အဲ့ဒါကိုပဲကျစ်လစ်အောင်၊ သိပ်သည်းအောင်၊ ပြည့်စုံအောင်ဆိုပြီးတော့ ဦးသိန်းလွင်၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက တင်ပြသွားပါတယ်။ ဒါနဲ့ပတ်သက်လို့ သက်ဆိုင်ရာဝန်ကြီးဌာနက သဘောထားပြောပြပေးပါ။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ သဘောတူပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်ကို ကန့်ကွက်မယ့်သူရှိက မတ်တပ်ရပ်ပါ။ ကြားနေမယ့်သူရှိက မတ်တပ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၉၊ ပုဒ်မ ၁၃၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)** ။ ။ ဒီအပိုဒ်မှာ မူလဝန်ကြီးဌာနရဲ့ အဆိုပြုချက်ကျောရိုးကို ကျွန်တော်တို့ယူထားပါတယ်။ နောက်ဆုံးစာပိုဒ်နောက်ဆုံးနားမှာ ကျွန်တော်တို့က အများပြည်သူအကျိုးငှာဖြည့်စွက်ဆိုတဲ့ စကားလေးထည့်ပြီးတော့ ဖြည့်စွက်ပြင်ဆင်သတ်မှတ်နိုင်သည်လို့ ကျွန်တော်တို့ တင်ပြထားခြင်းဖြစ်ပါတယ်။ တင်ပြရခြင်းအကြောင်းရင်းကတော့ နောက်ထပ်ကျွန်တော်တို့ ပြောင်းလဲတိုးတက်လာမယ့်၊ ဖြစ်ထွန်းလာမယ့် အခြေအနေများနဲ့ လိုက်လျောညီထွေမှုရှိစေရန် ထပ်မံဖြည့်စွက်ဖို့များရှိခဲ့ရင် ဖြည့်စွက်နိုင်ရန်အတွက်

ကျွန်တော်တို့ ကော်မတီကတင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒီ ဖြည့်စွက်ဆိုတဲ့ စာလုံးလေး တစ်လုံးပဲ ထပ်မံထည့်သွင်းထားခြင်းဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထား သိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ သဘောတူပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့ အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၀၊ ပုဒ်မ ၁၄၊ ဒီနေရာမှာ ဦးဝင်းသန်း၊ သာပေါင်းနဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတို့ အဆိုပြုဖို့ဖြစ်ပါတယ်။ အတူတူဖြစ်တယ်ဆိုရင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက အဆိုပြုဆွေးနွေးပေးပါ။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဒီမှာ လည်း ဝန်ကြီးဌာနရဲ့အဆိုပြုချက်ကိုပဲ တင်ပြထားခြင်းဖြစ်ပါတယ်။ မူလအဆိုပြုချက်အဆိုဟာ ပြည့်စုံ လုံလောက်မှုရှိပြီး တကယ်လို့ထပ်မံအသေးစိတ်ပြီးတော့ဖော်ပြဖို့လိုမယ်ဆိုရင် နည်းဥပဒေများနှင့် ဆောင်ရွက်နိုင်တဲ့အတွက် မူလအဆိုပြုချက်အတိုင်းထားဖို့ ကျွန်တော်တို့ကော်မတီက အဆိုပြုထားခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းဆွေးနွေးတင်ပြပါ။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မူလဆွေးနွေးအဆိုပြုချက်များဟာ အပိုဒ် ၁၄၊ ၁၅၊ ၂၃၊ ၂၈၊ ၃၅ နှင့် ၃၈ တို့ဖြစ်ပါတယ်။ ဒါပထမရက်ကဖြစ်ပြီးတော့ ဥက္ကဋ္ဌကြီးကနေပြီးတော့ ရက်ထပ်ပေးပြီးတော့ ပြည်ထောင်စုလွှတ်တော် တက်တဲ့နေ့ ညနေမှာ အပြီးသတ်အဆိုတွေပြန်တင်သွင်းနိုင်ပါတယ်ဆိုတဲ့အချိန်မှာ ခုနက သယံဇာတ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနဲ့ ပြည်သူ့လွှတ်တော်ကော်မတီများရဲ့ အကြေအလည် ဆွေးနွေးချက်တွေလက်သင့်ခံပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ထည့်ချင်တဲ့ဟာတွေကိုလည်း သင့်တော်တဲ့ နေရာတွေမှာထည့်ထားတာကိုလည်း လက်ခံရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီနေ့က ပြည်သူ့ လွှတ်တော်မှာ စုံစမ်းရေးနှင့် လက်ခံရေးကောင်တာမဖွင့်တဲ့အတွက် ပြည်ထောင်စုလွှတ်တော် ကောင်တာမှာ သေသေချာချာမေးပါတယ်။ ဟုတ်ပါတယ်။ ပြည်သူ့လွှတ်တော်အတွက် အဲ့ဒီမှာ လက်မှတ်ထိုးတဲ့ Form ကိုထားပေးခဲ့ဖို့ဖြစ်တဲ့အတွက် ခုနကအပိုဒ် ၁၄ မှ ၃၅ အထိကို ကျွန်တော်

အားလုံးပယ်ဖျက်ပြီးဖြစ်တယ်ဆိုတဲ့ အကြောင်းကိုသေချာရေးခဲ့ပါတယ်။ ၃၈ တစ်ခုပဲ ပြင်ဆင်ချက်ရှိပါတယ်ဆိုတာလည်း ရေးခဲ့ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဒါဟာ ဒီနေ့ပါလာတာသည် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနဲ့ ကွဲလွဲချက်ရှိပေမယ့်လို့ အားလုံးကရုပ်သိမ်းပြီးတဲ့ဟာဖြစ်တဲ့အတွက် ဒါ Typing Error ပဲဖြစ်ပါလိမ့်မယ်။ ထပ်မံရုပ်သိမ်းဖို့လည်း ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။ နောက်တစ်ခုက ဒီဟာတွေအားလုံးကို အကြေအလည်ဆွေးနွေးတဲ့နေရာမှာ စီမံ/ဘဏ္ဍာကော်မတီ၊ ပြည်သူ့လွှတ်တော်ရဲ့ ပို့ဆောင်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ သယံဇာတကော်မတီတို့ဟာ ပြည်သူ့လွှတ်တော်က အားလုံးကိုယ်တိုင် ဒီ Function တွေကို တရားဝင်လုပ်ဖို့အတွက် ထောက်ခံထားခဲ့တဲ့ ကော်မတီဖြစ်တဲ့အတွက် ဒီသဘောတရားအရလဲ တရားဝင် Function နဲ့ဆွေးနွေးခဲ့တာမို့လို့ ကျွန်တော်တို့ လိုက်နာသင့်တဲ့အနေအထားနဲ့ ဥပဒေနဲ့အညီလိုက်နာခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အပိုဒ် ၁၄၊ ရှေ့ဆက်ပြီးတော့ ကျွန်တော်တို့အချိန်ကိုငဲ့ညှာပြီးတော့ ၁၅၊ ၂၃၊ ၂၈၊ ၃၅ ထိကို ဒီမှာရေးထားသလိုကျွန်တော်နဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနဲ့ ကွဲလွဲချက်ဟာရှေ့လျှောက်မရှိတော့တဲ့အတွက် ကျွန်တော့်အနေနဲ့ Calling မှာပါဝင်စရာမလိုတော့တဲ့ အကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ အခုဖော်ပြထားတဲ့ အပိုဒ်အားလုံးသဘောတူပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၃၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီကနေပြီး ဝန်ကြီးဌာနရဲ့ မူလပြဋ္ဌာန်းချက်အတိုင်းပဲတင်ပြထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဦးဝင်းသန်းကလည်း ပယ်ဖျက်သွားပြီ။ ဒါကြောင့်ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။မူလဝန်ကြီးဌာနရဲ့တင်ပြချက်အတိုင်းထားရှိခြင်းဟာ ပိုမိုသင့်လျော်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၆၊ ပုဒ်မ ၃၅ မူလအဆိုပြုချက်အတိုင်းထားရှိရန်ဆိုပြီးတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကတင်ပြထားပါတယ်။ ဒါသည် ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းပဲဖြစ်ပါတယ်။ ဒါကြောင့် စာမျက်နှာ ၂၁၊ အမှတ်စဉ် ၂၃၊ ပုဒ်မ ၂၇ ပုဒ်မခွဲ(က) ဒီမှာလည်းမူလပြဌာန်းချက်အတိုင်းထားရှိရန်ဆိုပြီးတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီက အဆိုပြုထားပါတယ်။ ဝန်ကြီးဌာနအတိုင်းပဲ ထားရှိဖို့ဖြစ်ပါတယ်။ နောက် ၂၈ မှာလည်း မူလပြဌာန်းချက်အတိုင်းထားရှိရန်ဆိုပြီးတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဒီလိုအဆိုပြုထားပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ဒီအဆိုပြုချက်ကို ကန့်ကွက်လိုသူရှိကမတ်တတ်ရပ်ပါ။ ကြားနေသူရှိကမတ်တတ်ရပ်ပါ။ ကန့်ကွက်၊ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၅ ၊ ပုဒ်မ ၃၂ ပြင်ဆင်ရန်တင်ပြသူမရှိပါဘူး။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်သော မည်သူမျှဝန်ကြီးဌာနက တားမြစ်ထားသော ပတ်ဝန်းကျင်ကိုထိခိုက်စေသည့်ပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာနရဲ့ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်းနှင့် သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းမပြုရအဆိုသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၆ ၊ အပိုဒ် ၃၅ မူလပြဌာန်းချက်အတိုင်းထားရှိရန် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက အဆိုပြုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၇၊ ပုဒ်မ ၃၆၊ ဒေါက်တာစိုင်းကျော်အုန်း ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ၃၆ မှာကျွန်တော့် အဆိုပြုချက်ကိုတင်ပြပါမယ်။ မည်သူမဆို ပတ်ဝန်းကျင်ကိုထိခိုက်သည့်အတွက် ဝန်ကြီးဌာနကတားမြစ်ထားသောပစ္စည်းတစ်ခုခုအား ဝန်ကြီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့တင်သွင်းကြောင်း၊ ပြည်ပသို့တင်ပို့ကြောင်း၊ ထုတ်လုပ်ကြောင်း၊ သိုလှောင်ကြောင်း၊ သယ်ယူပို့ဆောင်ကြောင်း သို့မဟုတ် ရောင်းဝယ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်သိန်းနှစ်ဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေချမှတ်ခံရမည်။ ထို့အပြင် ယင်းပစ္စည်းအား ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသောအဆင့်အထိ ပြုပြင်ပြောင်းလဲဆုံးဖြတ်ရန်အတွက် ကုန်ကျသောစရိတ်ကိုလည်း ထိုသူအားကျခံစေရမည်ဆိုပြီးတော့ တင်ပြထားပါတယ်။ ကျွန်တော့်တင်ပြချက် အဲ့ဒီပို့ဆောင်ကြောင်းဆိုတဲ့ဟာ စကားရပ်ကိုဖြည့်စွက်ထားတာ အဲ့ဒါကို ပြန်ပြီးတော့ ရုပ်သိမ်းပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ခုန အပိုဒ် ၃၂ မှာ အတည်ပြုထားတဲ့ သိုလှောင်ခြင်းနဲ့ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း အဲ့ဒီလို အတည်ပြုထားတဲ့အတွက်ကြောင့် ဒီအချက်နဲ့ ညီညွတ်မှုရှိစေရန် ကျွန်တော် အဲ့ဒီပို့ဆောင်ကြောင်းကို ပြန်ပြီးတော့ရုပ်သိမ်းပါတယ်ခင်ဗျား။ နောက်ပြစ်ဒဏ်ချမှတ်တဲ့အထဲမှာ အနည်းဆုံးထောင်ဒဏ်သုံးနှစ်လို့ဆိုထားတဲ့အတွက်ကြောင့် အဲ့ဒီ ထောင်ဒဏ်နဲ့ လိုက်လျောညီထွေမှုရှိအောင် ကျပ်သုံးသိန်းဆိုပြီးတော့တိုးပေးထားရခြင်းဖြစ်ပါတယ်။ ကျပ်တစ်သိန်းဆိုရင်နည်းနည်း နည်းမယ်ထင်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ နောက်ကုန်ကျသောစရိတ်ကိုလည်း ထို့အပြင်ပါတဲ့အတွက်ကြောင့် လည်းကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ထိုသို့ မူလဖော်ပြချက်မှာ ထိုသူကကျခံစေရမည်ဆိုတဲ့အတွက်ကြောင့် သဒ္ဒါနည်းကျမှန်ကန်အောင် သူက ကံပုဒ်ဖြစ်တဲ့အတွက်ကြောင့် ထိုသူအားကျခံစေရမည်ဆိုပြီးတော့ ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိရန်ဆိုပြီးတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက တင်ပြထားပါတယ်။ ဒီအဆိုကို ရှင်းပြဖို့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့အဆိုပြုချက်အပေါ်မှာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဟာ ပြည့်စုံလုံလောက်တယ်လို့ ကျွန်တော်တို့ ကော်မတီကယူဆတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းထားရှိဖို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆိုပြုချက် ထိုအဆိုပြုချက်သည် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းဖြစ်သည်။ ဒါနဲ့ပတ်သက်ပြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိရန်ဆိုတဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၈၊ ပုဒ်မ ၃၇ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန်ဆိုပြီးတော့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက အဆိုပြုထားပါတယ်။ ဤအဆိုသည် ဝန်ကြီး ဌာနရဲ့အဆိုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူ ရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် ဝန်ကြီးဌာနရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၉၊ ပုဒ်မ ၃၈ ဒီမှာ ဦးဝင်းသန်း၊ သာပေါင်းက ပြင်ဆင်တင်ပြဖို့ အဆိုပြုထားသလို ပြင်ဆင်အဆိုပြုထားပါတယ်။ ထိုနည်းတူစွာပဲ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီက အဆိုပြုထားပါတယ်။ ဦးဝင်းသန်းက ဒီပုဒ်မ ၃၈ ကို ပြန်လည်ရုပ်သိမ်း ထားခြင်းရှိ၊ မရှိ သိလိုပါတယ်။

**ဦးဝင်းသန်း (သာပေါင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကန့်လန်ဖြတ်ဇယားထဲ မှာဖော်ပြထားတာကြီးက ၃၈(က)၊ (ခ) က အဟောင်းကြီးပါ။ ပြည်ထောင်စုလွှတ်တော်၏အထဲမှာ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ နောက်ဆုံးပြင်ဆင်ချက်ပေးခဲ့တာသည် စာသားအသစ်ရှိပါတယ်ခင်ဗျား။ ဒီ ဇယားထဲမှာ မပါဘူး။ သို့သော် ဤစာသားသည် ကျွန်တော် လေ့လာကြည့်တဲ့အခါ ယခုလက်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ပြင်ဆင်ချက်ပေးတဲ့ဟာနဲ့ သို့မဟုတ်၊ သို့မဟုတ်ဆိုတဲ့ စကားရပ်ပဲကွာခြားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဖတ်မပြတော့ဘဲနဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ ပြင်ဆင်ချက်ကိုသာ ဆက်လက်ဆွေးနွေး ပေးပါလို့ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အပိုဒ် ၃၈ ကအင်မတန်အရေးကြီးပါတယ်ခင်ဗျား။ ဒီဟာကိုလည်း အကြေအလည်အချိန်ယူ ဆွေးနွေးပြီးတော့ ကျွန်တော်တို့ ဒီကော်မတီက တင်ပြရခြင်းအကြောင်းရင်းကတော့ နိုင်ငံတော်ရဲ့ သယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာမှာလည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံ စီမံကိန်းနဲ့ အခြား Infrastructure အားတည်ဆောက်ရာမှာလည်းကောင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်ကာကွယ်မှုလိုအပ်ပါတယ်။ ဒေသတွင်းဆိုင်ရာအခြားနိုင်ငံများကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရန်လည်းလိုအပ်ပါတယ်။ ဒါပေမယ့် လက်ရှိနိုင်ငံတော်ရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်စေရန်နဲ့ စက်မှုလုပ်ငန်းများရပ်တည်မှု၊ လက်ရှိစက်ရုံ လုပ်ငန်းများရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုမထိခိုက်စေရန်ရည်ရွယ်ပြီးတော့ လျှော့ပေါ့ပြဋ္ဌာန်းမှုများကို နိုင်ငံတော်နဲ့ ပြည်သူအကျိုးငှာ အစားထိုးထည့်သွင်းဖော်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီက အစားထိုးတင်ပြတဲ့စာသားကတော့ အပိုဒ် ၃၈ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစိုးရဌာနအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုအား နိုင်ငံတော်နှင့် ပြည်သူအကျိုးငှာ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပြုနိုင်သည်လို့ အဆိုပြုတင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အောက်မှာ ၃၈ (ခ) လည်းရှိပါတယ်။ ဒီအနက်ရောင် Bold လုပ်ထားတဲ့ အပိုဒ် တွေကိုလည်း ဒါ ဦးဝင်းသန်းရဲ့ဟာဖြစ်တယ်။ ဒါကြောင့်မို့လို့ (က)နဲ့ (ခ)ဟာ ဦးဝင်းသန်းဟာပဲ ဖြစ်တယ်။ ပယ်ဖျက်တယ်။ အခု ဦးသိန်းလွင် ဖတ်ကြားတင်သွင်းတာ ၃၈ တစ်ပိုဒ်တည်းကိုပဲဖြစ်တယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီးရဲ့သဘောထား သိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးက သဘောတူတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီရဲ့ အဆိုပြုချက်အား ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေသူရှိက မတ်တတ်ရပ်ပါ။

ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ အပိုဒ် ၃၈ မှာဆွေးနွေးဖို့အတွက် နာမည်ပေးစဉ်အခါတုန်းက ကျွန်တော်တို့ နာမည်ပေးခဲ့ပါတယ်။ ဒီနေရာမှာတော့ မပါလာတဲ့အတွက် ကျွန်တော့်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်မှုကော်မတီကိုယ်စား အနည်းငယ်တင်ပြခွင့်ပြုပါ ခင်ဗျား။ ကျွန်တော်တို့ ၃၈ ကို (က)နဲ့(ခ)ဆိုပြီး အဲ့ဒီတုန်းက တင်ပြခဲ့ပါတယ်။ ကျွန်တော်ရဲ့တင်ပြချက်နဲ့ ကျိုးကြောင်းရှင်းလင်းချက်ကို တင်ပြခွင့်ပြုပါ။ ၃၈ (ခ) ဆိုပြီးတော့တင်ပြခဲ့ပါတယ်။ ဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက နိုင်ငံတစ်ဝန်းလုံးရှိ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် အသစ် တည်ဆောက်လျက်ရှိသောလုပ်ငန်းများသည် ဤဥပဒေကြောင့် ဖြစ်ပေါ်နိုင်သည့် စီးပွားရေး တုံ့ဆိုင်းခြင်း၊ ရပ်ဆိုင်းခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပညာပေးစည်းရုံးကာလကို လုပ်ငန်းအလိုက် လုံလောက်သောအချိန်ပေး၍ ဤဥပဒေမှကင်းလွတ်ခွင့် ပေးရမည်။ ဤဥပဒေပါ စည်းကမ်းချက်များကို လိုက်နာလာနိုင်စေရန်အတွက် နည်းပညာပံ့ပိုးခြင်း၊ ငွေကြေးပံ့ပိုးကူညီခြင်းများနှင့်အတူ လုံလောက်သောအချိန်ကာလကိုသတ်မှတ်၍ ဝန်ကြီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှခွင့်ပြုသော အခြားအဖွဲ့အစည်းများမှကူညီဆောင်ရွက်ပေးရမည်လို့ တင်ပြ ခဲ့ပါတယ်။ အကျိုးအကြောင်းလေး ရှင်းလင်းလိုတာကတော့ စောစောက ပြည်ထောင်စုဝန်ကြီး ကလည်းပြောပြသွားပါတယ်။ ဒီဥပဒေကို ၁၉၉၈ ခုနှစ်ကနေ စတင်ရေးဆွဲခဲ့ပါတယ်။ ယခုအချိန်ထိ မပြဋ္ဌာန်းနိုင်ခဲ့တာကတော့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုထောက်ထား၍လို့တင်ပြခဲ့ပါတယ်။ အရင် တုန်းကထောက်ထားခဲ့ပြီး အခု ကျွန်တော်တို့လွှတ်တော်ကနေ ဒီကိစ္စကိုအချိန်တိုတိုအတွင်းမှာ အမြန်ဆုံး ဆုံးဖြတ်ပေးလိုက်လျှင် ကျွန်တော်တို့လွှတ်တော်ကများ မထောက်ထားရာကျမလားခင်ဗျား။ ကျွန်တော် တို့ကော်မတီအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ထောက်ခံပါတယ်။ ကန့်ကွက်မှုလုံးဝ မရှိပါဘူး။ သို့သော်လည်း တစ်ဘက်က နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့ အကျိုးကိုလည်း အလွန်အကျွံ မထိခိုက်စေဖို့အတွက် ကာကွယ်ပေးရမယ်လို့ ကျွန်တော်တို့တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တင်ပြတဲ့နေရာမှာ ဝန်ကြီးဌာနကကူညီဖို့ သို့မဟုတ် ဝန်ကြီးဌာနက ခွင့်ပြုတဲ့အခြား အဖွဲ့အစည်းများ ကျွန်တော်တို့ဆိုလိုတာ ပုဂ္ဂလိကအဖွဲ့အစည်းကဖြစ်စေ၊ NGO များကဖြစ်စေ မကြာခင်ဝင်လာကြတော့မှာပါ။ သူတို့အဖွဲ့တွေကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရင်ဖြင့် ကျွန်တော် တို့မှာ နစ်နာဆုံးရှုံးမှုမများလောက်ဘူးလို့ယူဆတဲ့အတွက် ကျွန်တော် အခုအပိုဒ်ကို ဖြည့်စွက်ပေးပါရန် တင်ပြခြင်းဖြစ်ပါတယ်။ တကယ်လို့ ဥပဒေမှာ မဖြည့်စွက်ပေးနိုင်ရင်လည်း နည်းဥပဒေကျရင်

ပြဋ္ဌာန်းပေးနိုင်ရင်ပေးနိုင်ဖို့ အဲ့ဒါမှ မရနိုင်ဘူးဆိုရင်တော့ လွှတ်တော်မှ မှတ်တမ်းတင်ပေးဖို့ လွှတ်တော်နဲ့အတူ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ အခွင့်အရေးကော်မတီတို့မှ မှတ်တမ်းတင်ထားပေးဖို့ ကျွန်တော်တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု တင်ပြချက်နဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထား သိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ဒီပုဒ်မ ၃၈ က အရေးကြီးကြောင်းလည်း ကျွန်တော်တို့ သတိပြုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ မူလကနဦးစတင်ရေးဆွဲတင်ပြစဉ်တုန်းက ဒီမှာပါတဲ့အစိုးရဌာနအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းတစ်ခုခုဆိုတာပါရှိပါတယ်။ ပါရှိပြီးတော့ အမျိုးသားလွှတ်တော်မှာ ကျွန်တော်ကိုယ်တိုင်တက်ရောက်ဆွေးနွေးတဲ့အချိန်မှာ ဒီနေ့လိုခေတ်အခါကြီးမှာ ပုဂ္ဂလိကတစ်ဦးဦးလို့ထည့်ပေးလိုက်လို့ရှိရင် ဒါအစိုးရအနေနဲ့ ဘက်လိုက်ချင်သောလုပ်ငန်းရှင်ကြီးများကို ညှာတာချင်တဲ့စိတ်နဲ့ ဒီစကားရပ်ထည့်ထားတယ်လို့ အများပြည်သူကယူဆသွားမှာကိုစိုးရိမ်သည့်အတွက် ပုဂ္ဂလိကလုပ်ငန်း၊ ပုဂ္ဂလိကတစ်ဦးဦးဖြုတ်ပြီးတော့ ဒါ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက အဖွဲ့အစည်းတစ်ခုခုဆိုပြီးတော့ ညင်ညင်သာသာလေး သူတို့ပုဂ္ဂလိကကို ဥပဒေကြီးရှိပြီးမှ ဘက်လိုက်ချင်လည်းလိုက်လို့ရအောင်လုပ်ထားတယ်ဆိုတဲ့ ပုံသဏ္ဍာန်မဖြစ်အောင်လို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ဒီပုဂ္ဂလိကဆိုတဲ့စကားရပ်လေးကို သူတို့ဖြုတ်ထားခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အခု သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ကျွန်တော်တို့နဲ့ တဖန်ညှိနှိုင်းပြီးတော့ ထည့်လိုက်တဲ့အချိန်မှာလည်း ကျွန်တော်တို့ဘက်ကတော့ ဒီအများပြည်သူလူထုထိခိုက်နစ်နာမှာကို မလိုလားတဲ့အတွက်ကြောင့်မို့ ဘာမှပြောဆိုကန့်ကွက်စရာမရှိပါဘူး။ သို့သော်လည်းပဲ ကိုယ်စားလှယ်တော်ကြီး ဦးဝင်းဦးတို့ စိုးရိမ်သလိုတော့မဖြစ်ပါဘူး။ ဥပဒေသဘောအရ ဥပဒေမှာဒီလိုဆိုထားခြင်းသည် အကယ်၍များ ခုနကတင်ပြပါအခက်အခဲများရှိခဲ့လို့ရှိရင် ဥပဒေကခွင့်ပြုထားတယ်ဆိုတဲ့ အခွင့်အရေးအားဖြင့် လုံလောက်မှုအပြည့်အစုံရှိပါတယ်။ ဒါကျွန်တော်တို့ ခုနကပြောသလိုပဲ ဥပဒေမှာတော့ ရှည်ရှည်ဝေးဝေးလိုအပ်သလို လိုက်ရေးဖို့မသင့်လျော်တဲ့အတွက်ကြောင့်မို့လို့ ဒီ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ပြင်ဆင်ထားတဲ့ဟာသည် ဥပဒေသဘောအရ ခုနကကိုယ်စားလှယ်တော်ကြီး ဦးဝင်းဦးတို့လိုလားချက်ကို ပြည့်စုံလုံလောက်ပါတယ်။ ပြည့်စုံလုံလောက်ပြီးတော့ နည်းဥပဒေမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ ထည့်သွင်းပေးနိုင်ရင်လည်း ထည့်သွင်းမယ်။ ထည့်သွင်းမပေးနိုင်ရင်

တောင်မှ ဒါသည် ပြည်သူလူထုကိုအကာအကွယ်ပေးတဲ့ထွက်ပေါက်၊ ဥပဒေရဲ့ထွက်ပေါက်၊ ဥပဒေရဲ့ အရေးကြီးသောအချက်ဖြစ်ကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦးရဲ့တင်ပြမှုကော၊ ဝန်ကြီးရဲ့ရှင်းလင်းမှုကော အင်မတန်မှကောင်းမွန်ပါတယ်။ ဒါကြောင့်မို့လို့

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား တင်ပြခွင့်ပြုပါ။ အဲ့ဒီအပိုဒ်(၃၈)ကို ကျွန်တော်တို့ သေသေချာချာဆွေးနွေးပါတယ်။ မူလဝန်ကြီးဌာနကနေပြီးတော့ အမျိုးသားလွှတ်တော်ကိုတင်တဲ့အခါကျတော့ ပထမစကားလုံးဟာ အစိုးရအဖွဲ့အစည်း၊ အစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ဆိုပြီးတော့ပါ ပါတယ်။ အဲ့ဒီတော့ ပုဂ္ဂိုလ်ကျတော့ ခုနကဝန်ကြီးရှင်းပြသလို ဒီပုဂ္ဂလိကရဲ့ ပုဂ္ဂိုလ်ကိုတစ်ဦးချင်းကိုလိုက်ပေးတာက မသင့်မြတ်ဘူးဆိုပြီးတော့ ပယ်ပစ်လိုက်ပါတယ်။ အဲ့ဒီ စာသားကြီးက ပယ်တဲ့စာသားကြီးက ဖတ်လို့ရှိရင် ဒီကင်းလွတ်ချက်က အစိုးရတွေရဲ့အဖွဲ့အစည်းပဲ အဲ့ဒီတုန်းက ပုဒ်ထီး မပါပါဘူး။ အဲ့ဒီတော့ အစိုးရဌာနတွေပဲ ဒီဟာကိုခံစားနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါက်ပါတယ်။ ကျွန်တော်တို့ဒီမှာ အားလုံးစုပြီးတော့ ခြုံကြည့်မှုဝိုင်းဆွေးနွေးကြတော့ ဒီဟာကတို့နိုင်ငံသူ၊ နိုင်ငံသားတွေ ဒါကလုပ်ပြီးသား လုပ်ငန်းတွေလည်းရှိနိုင်တယ်။ နောက်လုပ်ဖို့လည်းရှိနိုင်တယ်။ အဲ့ဒီတော့ သူတို့ဒါတစ်ခုရှိနေလို့သာ ဒီဥပဒေထွက်သွားလို့ရှိရင် ဒါနဲ့ဥပဒေနဲ့မကိုက်ရင် တစ်ခါတည်းအပြစ်တွေကျကုန်လိမ့်မယ်။ ဒါကြောင့်မို့လို့ တို့နိုင်ငံသားတွေကိုပါ ပြန်ကြည့်ရမယ်။ အစိုးရတွေတင်မကဘူးဆိုပြီးတော့ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကအကုန်လုံး Wording အမျိုးမျိုးစဥ်းစားပါတယ်။ ဒီပုဂ္ဂလိကလို့သုံးလိုက်တာက အမျိုးသားလွှတ်တော်က ပုဂ္ဂိုလ်ဆိုလို့ပယ်လိုက်တာပါ။ ပုဂ္ဂိုလ်ကိုပယ်လိုက်ရင် အမျိုးသားလွှတ်တော်က ပယ်တဲ့စာလုံးကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကပြန်ထည့်ရင် မကောင်းပါဘူး။ ဒါကြောင့် အမျိုးသားလွှတ်တော်မှာပယ်တဲ့စာလုံးကို ကျွန်တော်တို့ကရှောင်လိုက်ပြီးတော့ ပုဂ္ဂလိကဆိုတာ အခုမှထည့်တာပါ။ အဲ့ဒါကြောင့်မို့လို့ ဒီလိုထည့်ရင်လည်း ဦးဝင်းဦးပြောတဲ့ အပိုဒ် အဲ့ဒီမှာစဥ်းစားပါတယ်။ စဥ်းစားတဲ့အခါကျရင် သူရေးတဲ့အပိုဒ်ဟာ နည်းနည်းလေးသွားပြီးတော့ ဆင်နေပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ခြုံကြည့်တဲ့အခါကျတော့ အားလုံးညှိတာက ဦးဝင်းဦးပြောတဲ့ကိစ္စကိုစဥ်းစားရင် ဒီဥပဒေနဲ့ ဒါနည်းဥပဒေမှာ ဆက်ပြီးတော့ဆွဲထည့်ရင်ရနိုင်မလားဆိုပြီးတော့ အားလုံးဝိုင်းဆွေးနွေးကြပါတယ်။ ဝိုင်းဆွေးနွေးတဲ့အဖြေကတော့ ဦးဝင်းဦးပြောတဲ့ကိစ္စတွေအကုန်လုံး ဒီအပိုဒ်ပါရင် လျှော့ပေါ့နိုင်တဲ့ကိစ္စပါသွားတဲ့အတွက်ကြောင့် ပုဂ္ဂလိကလို့လည်းပါသွားတဲ့အတွက်ကြောင့် ဒါ Practice လည်းရနိုင်တဲ့အတွက်ကြောင့် ဒီထဲမှာ ကျွန်တော်တို့သွားယူလို့ရပါတယ်။ အဲ့ဒါကြောင့် အဲ့လိုစဥ်းစားပြီးတော့မှ ကျွန်တော်တို့က အစိုးရဌာနပြီးတော့လွတ်အောင်လို့

အဖွဲ့အစည်း၊ အစိုးရအဖွဲ့အစည်းမဟုတ်ပါဘူး။ အဖွဲ့အစည်းဆိုတဲ့ကိစ္စက အကုန်လုံးပုဂ္ဂလိကလည်း ကျွန်တော်တို့ ထည့်လို့ရပါတယ်။ ဒါကြောင့်မို့ Wording မှာပြန်စဉ်းစားပြီးလုပ်တဲ့အတွက်ကြောင့် ဦးဝင်းဦး ပြောတဲ့ကိစ္စတွေကို အကုန်လုံးစဉ်းစားပါတယ်။ ကျွန်တော်တို့စဉ်းစားတုန်းက ရေးဆွဲတုန်းက တော့ အဲ့ဒါဆိုရင် ဒီအပိုဒ်ကလုံလောက်တယ်။ နည်းဥပဒေကျမှဒါကိုထည့်ပြီးတော့ ဦးဝင်းဦးပြောတဲ့ ကိစ္စတွေရေးပါမယ်။ ဒါဖြင့် လုံလောက်ပါတယ်ဆိုတော့ အဲ့ဒီလို ကျွန်တော်တို့ ကော်မတီတွေအားလုံး ညှိပြီးတော့ ဆုံးဖြတ်ပြီးဆောင်ရွက်ခဲ့ကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပ်မံရှင်းပြစရာမလိုပါဘူး။ ဒါကြောင့်မို့လို့ ဒီဥပဒေက ဒီအတိုင်းထားရှိပြီးတော့ နောက်ထပ်ဖြစ်ပေါ်လာမယ့် ဥပဒေများဖြစ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ တွေမှာ လိုတဲ့နေရာမှာ နိုင်ငံသားများရဲ့ အခွင့်အရေးရရှိဖို့အတွက် ဆက်လက်ဆောင်ရွက်ပေးဖို့ပဲ မှတ်တမ်းထားရှိပြီးတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနကတော့ ဒီဥပဒေအပိုဒ် ၃၈ ကို ဒီအတိုင်းထားရှိ ဖို့ပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကန့်ကွက်သူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ် ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂၅၊ အမှတ်စဉ် ၃၀၊ ပုဒ်မ ၄၁၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန်လို့ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း( ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်ဆိုတဲ့အဆိုကို ကန့်ကွက်သူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၁၊ ပုဒ်မ ၄၂ ဖြစ်ပါတယ်။ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်အားတင်ပြပေးပါ။

**ဦးသိန်းလွင် (အတွင်းရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုပြုချက်စာသားကတော့ မူလစာသားဖြစ်ပြီးတော့ ပုဒ်မ ၃၄ အစား ၃၂ ဖြစ်သွားခြင်းပါ။ အဲ့ဒါကတော့ ထပ်မံအပိုဒ် ၇ နှင့် ၈ ကိုပယ်ဖျက်ဖို့အတွက် သဘောတူ

ပြီးသားဖြစ်တဲ့အတွက် ပုဒ်မနှစ်ခုလျှော့ပြီးတော့ ပုဒ်မ ၃၄ အစား ပုဒ်မ ၃၂ အဖြစ် ကျွန်တော်တို့တင်ပြထားခြင်းဖြစ်ပါတယ်။ အပြည့်အစုံဖတ်ပြရရင်တော့ ပုဒ်မ ၃၂ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ်သတ်မှတ်သည်လို့ ကျွန်တော်တို့ တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့အဆိုပြုချက်ကို ဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ သဘောတူပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်ကို ကန့်ကွက်သူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။

**ဦးဘရှိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ဒီအပိုဒ်နဲ့ပတ်သက်ပြီး တင်ပြပါရစေ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဒီဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်ဆိုပြီးတော့တင်ပြထားပါတယ်။ ဒီဥပဒေနဲ့ပတ်သက်လို့ ဥပဒေပုဒ်မတစ်ခုတည်းပဲ ကြည့်လို့မရပါဘူး။ အခန်း (၁၂)၊ (၁၃)၊ (၁၄) တွဲပြီးတော့ကြည့်မှ ဒီဥပဒေတစ်ခုလုံးမှာ ပြဋ္ဌာန်းထားတဲ့ ဒီပြစ်မှု၊ ပြစ်ဒဏ်ပြည့်စုံမှာဖြစ်ပါတယ်။ (၁၂)မှာ ပြစ်မှုတွေ၊ (၁၃)မှာ ပြစ်ဒဏ်တွေ၊ (၁၄) ဆိုလို့ရှိရင် ပုဒ်မ ၃၇ မှာ ဤဥပဒေအရပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲ့ဒါကြောင့် ဒီဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားတဲ့အတိုင်းလက်ခံမှသာလျှင် ဒီဥပဒေရဲ့အနှစ်သာရကို ပေါ်လွင်မှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန်တင်ပြသွားသလိုပါပဲ ကျွန်တော်တို့ဥပဒေရဲ့ အခန်း(၁၂)က တားမြစ်ချက်များ ၃ ချက်ရှိပါတယ်။ အဲ့ဒီတော့ အခန်း(၁၃)ကတော့ ပုဒ်မ ၃၀ ကို တားမြစ်ချက်ကို ကျူးလွန်လို့ရှိရင် ၃၃ အရ ပြစ်ဒဏ်ချမှတ်ရမှာဖြစ်ပါတယ်။ အလားတူပဲ ၃၁ ကိုကျူးလွန်လို့ရှိရင် ပုဒ်မ ၃၄ အရ ပြစ်ဒဏ်ကိုချမှတ်မှာဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်က ပုဒ်မ ၃၄ ဘာလဲဆိုတော့ ပုဒ်မ ၃၄ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်လို့ဆိုပါတယ်။ ၃၄ ဆိုတာက ထောင်ဒဏ် ၁ နှစ်ပဲပြဋ္ဌာန်းထားပါတယ်။ သာမန်အားဖြင့် ကျွန်တော်တို့ ဥပဒေရဲ့ရေးထုံးအရ ထောင်ဒဏ် ၃ နှစ်ဆိုရင် ဝရမ်း Case ရဲအရေးယူပိုင်ခွင့်ရှိတဲ့ပြစ်မှုလို့သတ်မှတ်ပါတယ်။ ထောင်ဒဏ် ၁ နှစ်ဖြစ်တဲ့အတွက် ရဲအရေးယူပိုင်ခွင့်မရှိဘူးလို့ ဥပဒေမှာပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့

မူလက ပုဒ်မ ၃၄ ကိုထောင်ဒဏ် ၁ နှစ်ထက်မပိုရဆိုတဲ့ထောင်ဒဏ်ဟာ ဥပဒေရဲ့ရေးထုံးအရ ရဲအရေးယူပိုင်ခွင့်ပြစ်မှုဖြစ်တဲ့အတွက် မူလဥပဒေမှာ ပုဒ်မ ၃၄ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် ဖော်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီရဲ့တင်ပြချက်ကတော့ ဒီဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ်သတ်မှတ်သည်ဆိုတာ ဥပဒေတစ်ခုလုံး၊ ပုဒ်မ ၃ ခုစလုံးကို ခြုံရာကျတဲ့အတွက် လျော်ကန်သင့်မြတ်ပါတယ်။ နောက်တစ်ချက်က ဘာလဲဆိုတော့ ပုဒ်မ ၃၃၊ ပုဒ်မ ၃၆ များဟာ ဒီမှာတော့ ရဲအရေးယူပိုင်ခွင့်ရှိတယ်လို့မပါရှိပါဘူး။ ထောင်ဒဏ် ၁ နှစ်၊ ပုဒ်မ ၃၄ ကိုတော့ ရဲအရေးပိုင်တယ်လို့ ကျွန်တော်တို့ဆိုခြင်းဟာ ဥပဒေရဲ့ပညာရှင် သို့မဟုတ် ဥပဒေပြုသူများရဲ့ ဥပဒေပြုထုံးအရ ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းတဲ့အခါမှာ အများပြည်သူများသိရှိနားလည်ဖို့လိုအပ်ပါတယ်။ ယနေ့ခေတ်မှာတော့ ဒါကြောင့်မို့လို့ ဒီဥပဒေပါ ပြဋ္ဌာန်းချက်များကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်ခြင်းသည်သာလျှင် ပြည်သူများကလွယ်လွယ်ရှင်းရှင်းနဲ့ ဥပဒေကိုနားလည်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုအတည်ပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ ဒီဥပဒေကြမ်းကိုရေးဆွဲစဉ်မှာလည်း ကြိုတင် တင်ပြပါအတိုင်း ဥပဒေပညာရှင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးစသဖြင့်ပေါ့လေ။ ကျွန်တော်တို့အကြိမ်ကြိမ်တင်ပြပြီးတော့ စိစစ်တည်းဖြတ်ခဲ့ပါတယ်။ သာမန်အားဖြင့်တော့ ဥပဒေတစ်ခုချိုးဖောက်ရင် ရဲကအားလုံးအရေးယူပိုင်ခွင့်ရှိပါတယ်။ ဒီမှာလည်းပဲ အလားတူဒီဥပဒေကိုချိုးဖောက်လို့ရှိရင် ဒီဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များ၊ တားမြစ်ချက်များကိုကျူးလွန်လို့ရှိရင် ရဲကအရေးယူပိုင်ခွင့်ရှိပါတယ်။ အဲ့ဒီထဲမှာ တစ်ခုပဲ ကျွန်တော်တို့ မူလတင်ပြစဉ်တုန်းက ပုဒ်မ ၃၄ မှာတော့ ပြစ်မှု၊ ပြစ်ဒဏ်ဟာ တစ်နှစ်အတွင်းပဲဖြစ်ပါတယ်။ တစ်နှစ်ထက်မပိုသောလို့ပါပါတယ်။ သာမန်အားဖြင့်တော့ တစ်နှစ်ထက်မပိုလျှင် ရဲအရေးယူပိုင်ခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ ရဲကအားလုံး တောက်လျှောက်အရေးယူလို့ရအောင်ဆိုပြီးတော့ ရဲကအရေးယူပိုင်ခွင့်မရှိတဲ့ဟာကို ရှိတယ်လို့တစ်ပိုဒ်ထည့်လိုက်ခြင်းအားဖြင့် ခုနကကိုယ်စားလှယ်တော်ကြီးများတင်ပြပါအတိုင်းပဲ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါတားမြစ်ချက်များ၊ ကျူးလွန်မှုများအားလုံးကို ရဲကအားလုံး အရေးယူသွားနိုင်မယ်ဆိုတဲ့သဘောနည်းပညာအရ ထည့်ထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ဖြစ်တဲ့ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်ချက်နဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ ပြစ်မှုပြစ်ဒဏ်တစ်နှစ်မကျော်တဲ့ဟာကို ညွှန်းလိုက်ရင် အားလုံးအရေးယူပိုင်ခွင့်ရှိပါတယ်။ ဘယ်ဟာမှမလွတ်ပါဘူး။ (သြဘာသံများ)

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အယူအဆလေးတွေကို နည်းနည်းတင်ပြလိုပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဆိုတာ Special Law ဖြစ်ပါတယ်။ အထူးဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေပါ ပြဋ္ဌာန်းချက်ကိုကျူးလွန်ရင် ဥပဒေအရပဲအရေးယူရမှာဖြစ်တဲ့အတွက် ဤဥပဒေပါပြစ်မှုများကို ရဲ အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သင့်ကြောင်းကို ကျွန်တော့်အနေနဲ့အဆိုတင်သွင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ Speical Law ဖြစ်တဲ့အတွက်ကြောင့်ပါ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တစ်ယောက်မိုက်တောင်းပါ။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်လည်း တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ စကားကိုထပ်ပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ထပ်မံဖြည့်စွက်ပါမယ်။ ဤဥပဒေမှာ မူလဝန်ကြီးဌာနကအဆိုပြုထားတဲ့အတိုင်းပဲ ကျွန်တော်တို့ အတည်ပြုသွားပါတယ်။ ပုဒ်မ ၃၆ ပါခင်ဗျား။ ပုဒ်မ ၃၆ ကထောင်ဒဏ်အနည်းဆုံး သုံးနှစ်ပြစ်ဒဏ်ရှိတဲ့ပုဒ်မ ဖြစ်ပါတယ်။ တကယ်လို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်းကို ကျွန်တော်တို့ကအတည်မပြုဘူးဆိုရင် ဒီပုဒ်မ ၃၆၊ ထောင်ဒဏ်သုံးနှစ်ချခွင့်ရှိတဲ့ပြစ်မှုဟာ ရဲအရေးယူမပိုင်တဲ့ ပုဒ်မမျိုး ဖြစ်သွားမှာဖြစ်ပါတယ်။ ခုနကတုန်းက ကျွန်တော်တို့ ဆရာကြီးတစ်ယောက်တင်ပြတာလည်း ဒီအတိုင်းပါပဲ၊ ကျွန်တော် ဖြည့်စွက်တင်ပြတာဖြစ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲ ဒီနေရာမှာတော့ ဒီဥပဒေဟာ အသစ်ပြဋ္ဌာန်းတဲ့ အထူးဥပဒေတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထူးဥပဒေနဲ့ပတ်သက်ပြီးတော့ ဒီပုဒ်မ၊ နောက်ဆုံးခုနက ဟိုဘက်ဒီဘက် အငြင်းပွားတယ်လို့ပြောရမှာပေါ့။ ဟိုဘက်ဒီဘက် အယူအဆအားဖြင့်ပြောရရင် ပုဒ်မ ၃၂ ပါ ပြစ်မှုကိုဆိုတဲ့အတွက် ပုဒ်မ ၃၂ တစ်ခုတည်းကိုပဲ ဆိုလိုတဲ့သဘောဖြစ်နေပါတယ်။ ဤဥပဒေပါ ဆိုတဲ့အတွက် ဒီစာအုပ်တစ်အုပ်လုံးထဲမှာပါတဲ့ ဥပဒေအားလုံးကို အကြောင်းအရာအားလုံးကိုဆိုလိုတဲ့ သဘောဖြစ်တဲ့အတွက် ဒီအမြင်နဲ့ကြည့်မယ်ဆိုလို့ရှိရင် ဒါဥပဒေကြမ်းကော်မတီရဲ့ တင်ပြအဆိုပြုချက်

ကသင့်လျော်တဲ့သဘော ရှိပါတယ်။ ဒါလည်းဥပဒေပြုတဲ့ အဖွဲ့တွေအားလုံးပြန်လည်ပြီးတော့ သုံးသပ်စေလိုပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးကတော့ ဒီပုဒ်မ ၃၂ ပါပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်ဆိုတဲ့ဟာ ခုနကကျိုးကြောင်းလျော်ညီမှုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ မှန်သလိုရှိသော်လည်း ဒီအထူးဥပဒေကိစ္စကျတော့ ဤဥပဒေပါဆိုတဲ့အတွက် ဒီဥပဒေကိုပဲ အဓိကထားရည်ညွှန်းဆောင်ရွက်တဲ့အတွက် မိမိဘက်အနေနဲ့လည်း ဒါသင့်လျော်မှန်ကန်တယ်လို့ ပိုပြီးတော့ပေါ့လေ သင့်လျော်မှန်ကန်တယ်လို့ယူဆပါတယ်။ ဥပဒေကြမ်းကော်မတီဆိုသည်မှာလည်း မိမိတို့လွှတ်တော်ကို လွှတ်တော်အတွက် အဓိကထားပြီးတော့ဆောင်ရွက်ပေးတဲ့ကော်မတီဖြစ်တဲ့အတွက် မိမိတို့ကတော့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကိုပဲ အဓိကထားဆောင်ရွက်ရမယ့်သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ပြန်ပြီးတော့ ကျွန်တော်ခုနက မူလတုန်းကတော့ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ အဆိုပြုချက်ကိုပဲကြည့်ပြီးတဲ့အခါမှာ သဘောတူ၊ မတူ မေးခဲ့ပါတယ်။ အဲ့ဒီ သဘောတူ၊ မတူမေးချက်ကိုပြန်လည်ရုပ်သိမ်းပါတယ်။ အသစ်ထပ်မေးပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်ဆိုသောအဆိုကို ကန့်ကွက်လိုသူရှိက မတ်တတ်ရပ်ပါ။ ကြားနေလိုသူရှိက မတ်တတ်ရပ်ပါ။ ကန့်ကွက်၊ ကြားနေမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက်ဖြစ်သော ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရဲ့နောက်မှာလည်း ဥပဒေပညာရှင်တွေ ကျွန်တော်ထိုင်ခိုင်းထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ထဲမှာတော့ မိုက်မရှိတဲ့အတွက် အခုကျွန်တော်တို့နောက်ဆုံးပေါ့လေ။ နောက်ဆုံးပြင်ဆင်ချက် ၄၂ နဲ့ပတ်သက်ပြီးတော့ အစည်းအဝေးမှာတော့ ခုနက အတည်ပြုပြဋ္ဌာန်းထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အပြင်ရောက်လာတဲ့အခါမှာ ဥပဒေအမြင်၊ ဥပဒေသဘောအရ မှန်ကန်မှုရှိ၊ မရှိပြန်လည်သုံးသပ်ပြီးတော့ ကျွန်တော်တို့ပြန်တင်ပြပါမယ်။ ဒီလိုတင်ပြတယ်ဆိုရင်လည်း ကျွန်တော်နောက်လုပ်မယ့်လွှတ်တော်မှာအတည်ပြုချက်ရယူပါမယ်။ ကျွန်တော် အခုကန့်လန့်ဖြတ်ဇယားပေါ် မူတည်ပြီးတော့ ပြင်ဆင်ရန်အဆိုပြုချက်အဆိုများကို တင်ပြဆွေးနွေးသွားပါတယ်။ ပြင်ဆင်ရန်အဆိုမပြုတဲ့ အပိုဒ်များကျော်ခဲ့ပါတယ်။ အဲ့ဒီပြင်ဆင်ရန်မရှိတဲ့ကိစ္စရပ်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းများဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ ဥပဒေကြမ်းပါခေါင်းစဉ်နှင့် နိဒါန်းသည် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူတဲ့အတွက် ခေါင်းစဉ်နှင့် နိဒါန်းသည်အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်ချက်၊ အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အဆိုပြုချက်၊ အတည်ပြုချက်များကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့လူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၀ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၉ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာ ဆောင်ရွက်ပါမယ်။ ဆောင်ရွက်မယ့်အချိန်ထပ်မံကြေညာမှာဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅ း ၅၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုဝင်ဘာလ ၂၃ ရက်နေ့ အစည်းအဝေးမှာ လယ်ယာမြေဥပဒေကြမ်းနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်သက်ဆိုင်သည့် ဥပဒေကြမ်းများကို ဆွေးနွေးရန်လျာထားကြောင်း ကြိုတင်အသိပေးအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။**	။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ၁၅း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]